# ကြေးမုံ

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

e - paper ဖတ်ရှုရန်


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩဇာပြထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် တနင်္လာနေ့။ Monday, 5 October 2026 ၁၃၂၂


## ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများ ခင်ဗျာ**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သပါသည်။ ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဆရာ ဆရာမများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသည့်ခမ်းနားထည်ဝါမြင့်မြတ်လှသော ဂုဏ်အင်အနန္တတို့ကို မော်ကွန်းတင်ချီးမြှောက်သည့် ကျက်သရေမင်္ဂလာနှင့် ဝေဖြာထူးမြတ်လှသော ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးလျက်ရှိ

စာမျက်နှာ » ၅

## အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်အား မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

နေပြည်တော် အောက်တိုဘာ ၄

ယခုအခါ မုတ်သုံလေဆုတ်ခွာပြီး မိုးရာသီကာလကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့အပြင် ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုများကြောင့် နိုင်ငံအတွင်း အပူချိန်သိသာစွာမြင့်မားလာပြီး ဓာတ်အားသုံးစွဲမှုများ မြင့်တက်ကာ ဓာတ်အားလိုအပ်ချက် တိုးတက်မြင့်မားလျက်ရှိပါသည်။

ယခုနှစ် နွေရာသီတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ရေလှောင်တမံများတွင် ရေခန်းခြောက်မှုပိုမိုနိုင်ကြောင်းမျှော်မှန်း၍ လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလအထိ တမံများ၏ ရေသိုလှောင်ထားမှုပမာဏအား ထိန်းညှိပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသွားရန် စီမံထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✯





## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်မှုစစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ အမိမြန်မာနိုင်ငံရှိ တာဝန်ရှိသူများနှင့် မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာကြိုဆို

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့်ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★

## ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဝေဟင်မှ ရှုခင်းများကြည့်ရန် မိုးပျံပူဖောင်းများ ပျံသန်းတော့မည်

ညောင်ဦး အောက်တိုဘာ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကြည့်ရှုရန် အောက်တိုဘာလအတွင်း မိုးပျံပူဖောင်းများ စတင်ပျံသန်းကာ ပြည်တွင်းပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးသွားမည် ဖြစ်ကြောင်း Balloon Over Bagan နှင့် STT Balloon တာဝန်ရှိသူများထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✳

## ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်

ဆောင်းပါး စာမျက်နှာ » ၈

## လှိုင်ကော်လေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၁၇

## နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

ကြေးမုံ

# အနာဂတ်ကိုပုံဖော်တည်ဆောက်ရေး ဆရာ့ဂုဏ်သိက္ခာကိုမြှင့်တင်ပေး

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် မြန်မာနိုင်ငံအနေဖြင့် "ဆရာများနှင့်အတူ ရပ်တည်ကြပါစို့" "Standing with teachers" "နှစ်(၆၀)ပြည့် အထိမ်းအမှတ်၊ ဆရာအတတ်ပညာ စောင့်ရှောက်ကာကွယ်ပါ၊ အနာဂတ်ကိုပုံဖော်ရေး၊ ဆရာ့ဂုဏ်သိက္ခာမြှင့်တင်ပေး" "60 years of protecting the profession, advancing its status and shaping our futures" ဆောင်ပုဒ်များ ထူးခြားလေးနက်စွာဖြင့် ချမှတ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆရာများ၏ အခန်းကဏ္ဍ မည်မျှအရေးကြီးနေသည်ကို ယခုဆောင်ပုဒ်များက မီးမောင်းထိုး အသိပေးပြသနေပေသည်။

ယနေ့ကျရောက်သော ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် မြန်မာနိုင်ငံအနေဖြင့် ဆရာ ဆရာမများ၏ ကျေးဇူးတရားများကို အသိအမှတ်ပြုရန်နှင့် လူ့အဖွဲ့အစည်းများအတွင်း ဆရာ ဆရာမများ၏ အခန်းကဏ္ဍများကို ပိုမိုမြှင့်တင်ပေးရန်လိုအပ်နေကြောင်းကို ရည်ညွှန်းပေသည်။ ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးကကြီးမှူး၍ ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းကျင်းပလာခဲ့ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း တစ်ရာကျော်က လေးလေးစားစား တန်ဖိုးထားကျင်းပခဲ့ကြသည်။ လူ့ဘောင်လောကတွင် အလေးပေးတန်ဖိုးထားရမည့် ဆရာများ၏အခန်းကဏ္ဍသည် ခေတ်ကာလတိုးတက်ပြောင်းလဲလာသည်နှင့်အတူ ပွတ်တိုက်ထိပါးမှုများရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။

"ပူဇာစ ပူဇ နေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ရခြင်းသည် မြတ်သောမင်္ဂလာဖြစ်ကြောင်း (၃၈)ဖြာ မင်္ဂလာတရားတော်၌ မြတ်စွာဘုရားရှင် ဟောကြားထားပေသည်။ ပူဇော်ထိုက်သော အနန္တော အနန္တဂိုဏ်းဝင်များတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့်အတူ အာစရိယဆရာသည်လည်း တစ်ပါးအပါအဝင် ထည့်သွင်းထားသည်။ ဆရာများ၏ဂုဏ်ကျေးဇူးမှာ ကြီးမားမွန်မြတ်လှသဖြင့် အနန္တဂိုဏ်းဝင်တစ်ဂိုဏ်းတည်းထား၍ ရှိသေလေးမြတ်ပြုကြသည်မှာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီဖြစ်သည်။ ဆရာများသည် ပညာကို သင်ကြားတတ်မြောက်စေရုံသာမကဘဲ ဘဝအတွက် လမ်းပြကြယ်ပမာဖြစ်သည်။ တစ်နည်းဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် စွမ်းဆောင်ပေးမည့် အနာဂတ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနေသူများဖြစ်သည်။

ဘဝအလင်းရောင် မီးရှူးတန်ဆောင်ကို ထွန်းညှိပေးကြသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဘယ်သောအခါမှ မမေ့အပ်ပေ။ ဘဝတစ်ဆင့်တက်လှမ်းနိုင်ရေး ဆောင်ကြဉ်းပေးခဲ့ကြသည့်ဆရာများအား ကျေးဇူးဆပ်ခြင်း၊ ကျေးဇူးသိခြင်း၊ ကျေးဇူးကို အောက်မေ့သတိရခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သလို ဆရာနှင့်တပည့် အပြန်အလှန်ကျေးဇူးသိခြင်း၊ တန်ဖိုးထားလေးစားခြင်းတို့ဖြင့် လောကကောင်းကျိုးများ ရှင်သန်တိုးပွားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆရာဟူသည် အသိပညာ၊ အတတ်ပညာများကို ပေးဝေသည့်ပုဂ္ဂိုလ်များဖြစ်ပြီး ကိုယ်ဖိရင်ဖိ သင်ကြားပေးခြင်းမရှိသည့် မြင်ဆရာ၊ ကြားဆရာများကိုပင် ဆရာအမျိုးအစားတစ်တန်းတည်းထား၍ ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုထားသည်။

မြန်မာနိုင်ငံသည် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာမြင့်မားသည့် နိုင်ငံဖြစ်သည်။ ဘာသာတရားကိုအခြေခံသည့် သွန်သင်ဆုံးမမှုများအရလည်းကောင်း၊ အစဉ်အလာကြီးမားသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများအရလည်းကောင်း ဆရာများ၏ ကြီးမားသည့် ဂုဏ်ပုဒ်များအရလည်းကောင်း ရှိသေထိုက်သူ၊ ဆည်းကပ်ထိုက်သူ ကျေးဇူးရှင်များအဖြစ် သတ်မှတ်ထားကြသည်။ လူမှုရေးကျင့်ဝတ်တွင် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ကျင့်ဖို့ဝတ်ငါးဖြာနှင့်အညီ ကျင့်ကြံဆောင်ရွက်ကြရသူများဖြစ်သည်။ ဆရာများက အစဉ်အလာကြီးမားသည့် ကျင့်ဝတ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး လူကောင်း၊ လူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သလို တပည့်များကလည်း ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်ကို မချွတ်ပြုကျင့်ကြရမည်။

ယနေ့ခေတ်တွင် ပညာဖြင့် လူ့အသိုင်းအဝိုင်းကိုတည်ဆောက်၊ ပညာဖြင့် နိုင်ငံကို တည်ဆောက်နေကြသည်။ ပညာကို တန်ဖိုးထားသည့်နိုင်ငံသည် တိုးတက်ကြီးပွားလာသည်ကိုတွေ့ရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်လူ့ဘောင်ကို တည်ဆောက်ကြသည့်အခါတွင် ထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များကို ပျိုးထောင်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းအားထုတ်လျက်ရှိသည်။ တစ်ဖက်တွင် ကမ္ဘာ့ရေစီးကြောင်းပြောင်းလဲလာမှုတွင် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာများ ယုတ်လျော့လာမှုနှင့်အတူ ဆရာ့ဂုဏ်အင်၊ တပည့်ဂုဏ်အင်မြှင့်တင်ရေးအတွက် "ဆရာများနှင့်အတူရပ်တည်၊ ဆရာအတတ်ပညာ စောင့်ရှောက်ကာကွယ်ပြီး အနာဂတ်ကို ပုံဖော်ရေးအတွက် ဆရာ့ဂုဏ်သိက္ခာများကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၄

ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် ၀၉ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်ဘက် ၉၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မတူပီမြို့၏ တောင်ဘက် ၂၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/ဇလ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ၄ - ၁၀ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေဝမ်းစိုး | | | |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| | | | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာအနှံ့ ကျင်းပခဲ့ပြီး ဆရာတို့၏ကောင်းမြတ်သောဂုဏ်သတင်းကို ချီးမွမ်းထောမနာပြုခဲ့ကြသည်မှာ ၃၃ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှစ၍ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၂၄ နှစ်ရှိခဲ့ပြီဖြစ်ပါသည်။ ဆရာ ဆရာမများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို အစဉ်ပြုစုပျိုးထောင်ပေးနေကြသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို ပညာဖြင့် ခေတ်အဆက်ဆက် သယ်ပိုးထမ်းရွက်ခဲ့ကြသည့် ဆရာ ဆရာမများ၏ စွမ်းရည် စွမ်းပကားကို လေးစားဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာဟူသည် လူအများကို ဉာဏ်ပညာအလင်း ဆောင်ကြဉ်းပေးပြီး လောဘကင်းအောင် လမ်းပြနိုင်သူ၊ ဒေါသကိုဖြေဖျောက်နိုင်ပြီး သည်းခံခွင့်လွှတ်တတ်အောင် လေ့ကျင့်သင်ကြားပေးသူ၊ မောဟအမိုက်အမှောင်ကိုဖယ်ရှား၍ လမ်းမှန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်သူဖြစ်ပါသည်။ “**ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု**”ဟူသည့် နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံပြီး “**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့**” ဟူသည့် ကျင့်ဝတ်ငါးဖြာနှင့်အညီ အာစရိယဂုဏ်းဝင်ကျေးဇူးရှင်များဖြစ်ပါသည်။ ထို့ပြင် ကြားမြင်သုတရှိခြင်း၊ အတတ်ပညာပြည့်ဝခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မှန်ကန်၍အကျိုးရှိသောစကားကိုသာ ဆိုတတ်ခြင်းစသည့် ဂုဏ်အရည်အချင်းတို့နှင့်လည်း ပြည့်စုံသူများဖြစ်ကြပါသည်။

ဆရာတို့၏မွန်မြတ်သောဂုဏ်ကို မဃဒေဝလင်္ကာတွင် “**ရေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသိုဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့**”ဟု ချီးကျူးဖွဲ့ဆိုထားပါသည်။ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ဒြပ်တစ်ခုအဖြစ် အနန္တောအနန္တဂိုဏ်းဝင် အာစရိယဆရာသခင်ကျေးဇူးရှင်တို့ကို ဂါရဝတရား၊ နိဝါတတရား ဦးထိပ်ထား၍ ရှေးပဝေသဏီကပင် ရိုးရာအစဉ်အလာဖြင့် လေးစားရိုသေပူဇော်ကန်တော့ခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာ ခိုင်မြဲခဲ့ပြီဖြစ်ပါသည်။

ဆရာဟူသော ဝေါဟာရသည် “**ဆာယာ**” ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာပြီး “**လုံခြုံအေးမြခြင်းကို ပေးစွမ်းသည့်အရိပ်**”ဟု အဓိပ္ပာယ်ရပါသည်။ မြန်မာအဘိဓာန်တွင်လည်း “**ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသသူ**”ဟု ဖွင့်ဆိုထားပါသည်။ လောကီ၊ လောကုတ်အကျိုး တိုးပွားစေသည့် ပညာရပ်အထွေထွေကို ဆရာများထံမှသာ နည်းနာခံယူဆည်းပူးကြရသည်ဖြစ်ရာ ဤလောကမြေမဟီတွင် ဆရာနှင့်ကင်းသောသူ၊ ဆရာမရှိသောသူဟူ၍ မရှိနိုင်ပါ။

ဆရာများသည် “**စာကိုလည်းသင်၊ လူလည်းပြင်**” ဆိုသည့်အတိုင်း မိမိတို့၏တပည့်များကို ရင်ဝယ်ဖြစ်ငြား မွေးသည့် သားသမီးရင်းချာကဲ့သို့ ကျောသား၊ ရင်သားမခွဲခြားဘဲ စာပေထူးချွန်ရုံသာမက အသိပညာ၊ အတတ်ပညာပြည့်ဝအောင် သင်ကြားပေးကြရပါသည်။ “**ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား**” ဟူသည့် မြန်မာ့စိတ်ထားကို စိတ်သန္တာန်တွင် စိမ့်ဝင်ကိန်းအောင်းစေရန်ကိုလည်း သွန်သင်ဆုံးမပေးကြပါသည်။ တပည့်များ၏အနာဂတ်ဘဝ တိုးတက်မြင့်မားပြီး တန်ဖိုးမြင့်လူသားကောင်းများအဖြစ် လူမှုအသိုက်အဝန်းကို အကျိုးပြုနိုင်ရေး လမ်းညွှန်ပြသပေးကြရပါသည်။ နိုင်ငံ့မျိုးဆက်သစ်များကို ထူးချွန်ထက်မြက်သည့် လူကောင်းလူတော်ဖြစ်လာစေရန်၊ အတ္တ ပရမျှတ၍ လူမှုရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။ ထို့ကြောင့် ဆရာများသည် “**ပညာရေး၏ နှလုံးသား၊ အနာဂတ်၏ ပဲ့ကိုင်ရှင်၊ နိုင်ငံ၏ အဓိကမဏ္ဍိုင်**”ပင်ဖြစ်ပါသည်။

စာသင်ခန်းများသည် နိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ရာနေရာများဖြစ်ပြီး ဆရာများသည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် ရှေ့ဆောင်လမ်းပြများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်နေသဘောထားကောင်းမွန်မှန်ကန်ပြီး ဆရာကျင့်ဝတ်နှင့် ပြည့်စုံသည့် ဆရာကောင်း၊ ဆရာမွန်များစွာလိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၁ ရာစု ပညာခေတ်တွင် သိပ္ပံနှင့်နည်းပညာ ပြိုင်ဆိုင်မှုအားကောင်းလာသည့် ယနေ့ကမ္ဘာ့အခင်းအကျင်းနှင့် လိုက်လျောညီထွေပါဝင်နိုင်ရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော ပညာရေးအဆင့်အတန်းတစ်ခု ဖြစ်ပေါ်လာစေရန် ဆရာများ၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများကို တန်းတူညီမျှမြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးကို မြှင့်တင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ခိုင်မာစွာ အုတ်မြစ်ချခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆရာများ၏အသံကို အလေးထားပြီး ဆရာများ၏ လူမှုဘဝအဆင်ပြေကောင်းမွန်စေရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ဒီဂျစ်တယ်စွမ်းရည်များ၊ သုတေသနအခြေပြု သင်ကြားနည်းများ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားရေးအတွက်အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် “**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**” ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပြီး အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာနှင့် သုတေသနစသည့် ကဏ္ဍစုံ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံအတွင်း အကြားအလပ်မရှိ အပြည့်အဝရရှိခံစားနိုင်ရန် အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကျောင်းသားလူငယ်များကို တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဟု ယုံကြည်ခံယူထားပြီး အခြေခံပညာကျောင်းများကို Smart School များဖြစ်စေရေး၊ တက္ကသိုလ် ကောလိပ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝသည့် သင်ယူမှုဝန်းကျင်ကောင်းများဖြစ်စေရေး အားပေးမြှင့်တင်သွားမည်ဖြစ်ပါသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်စေရေး၊ ကျောင်းထွက်နှုန်းလျော့ကျစေရေး၊ နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင် သင်ယူနိုင်စေရေး၊ အဆင့်မြင့်ပညာတက်ရောက်နေသူများကို ပြီးဆုံးအောင်သင်ကြားကြစေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူခွင့်ရရှိနိုင်စေရေးတို့သည် ပညာရေးဌာနနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်

> **ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသားလူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမ ဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီးလေ့လာထားရန် လိုအပ်မည်**

ဆရာများအား လစာအပြင် ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခြင်း၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးခြင်း၊ ပြည်တွင်း ပြည်ပပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ ထူးချွန်ထက်မြက်သည့် ပညာရေးမိသားစုဝင် သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆရာများ၏ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် ထူးချွန်ဆရာများကို စိစစ်ရွေးချယ်ပြီး နှစ်စဉ်ဂုဏ်ပြုချီးမြှောက်ပေးလျက်ရှိပါသည်။ ထို့ပြင် ဆရာများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင်အခြေအနေများ သာလွန်ကောင်းမွန်လာစေရေးတို့ကိုလည်း ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

“**တိုင်းပြည် တည်ငြိမ်အေးချမ်းရေး**” နှင့် “**နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး**”တို့ကို ဦးစားပေးရည်မှန်းချက်နှစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်ဖော်ဆောင်နေချိန်တွင် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားပြီး ငြိမ်းချမ်းရေးအခြေခံအသိရှိသော ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များသည် နိုင်ငံ့အတွက် စွမ်းအားမြင့်သည့် အားအင်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားပညာရေးစနစ်၏ ပင်မဒေါက်တိုင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး အသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးရန် တာဝန်ရှိပါသည်။ ပညာရေး၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် “**စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ**”ဆိုသည့်အတိုင်း မိမိတို့၏ တပည့်များကို စည်းကမ်းကောင်းမွန်ပြီး ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လည်း လိုအပ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး နိုင်ငံနှင့် ပညာရေးအပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်ရန် အရေးကြီးပါသည်။

ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသားလူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာ ပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကိုလေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမ ဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီး လေ့လာထားရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း အသိပေးမှာကြားလိုပါသည်။

အတွက် ဆရာ ဆရာမများအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဦးလည်မသုန် ထမ်းရွက်ကြပါရန်တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ တိုးမြှင့်လာစေရေးအတွက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အသစ်ကို ပြင်ဆင်ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်များစွာ မွေးထုတ်နိုင်ရေး ဆက်လက်အားပေးဆောင်ရွက်သွားကြရန် အရေးကြီးပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဆရာများသည် “**ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးဖြစ်သည်**”ဟူသောထုံးကို နှလုံးမူခံယူပြီး ပညာ၏အနှစ်သာရအမှန်ကို နက်ရှိုင်းစွာနားလည်သဘောပေါက် ခံယူထားကြသူများ ဖြစ်ကြပါသည်။ မိမိတို့၏တပည့်များအပေါ် ပညာတတ်စေလိုသော စေတနာ၊ လိမ္မာယဉ်ကျေးစေလိုသော မေတ္တာ၊ ကြင်နာသနားတတ်သော ကရုဏာများဖြင့် ဆုံးမသွန်သင်ပဲ့ပြင်တတ်သော အာစရိယဆရာ၊ ဥပဇ္ဈာယ်ဆရာများဖြစ်ထိုက်သည့် အရည်အသွေးများပြည့်ဝအောင် ကျင့်ကြံသွားကြရမည်ဖြစ်ပါသည်။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များအတွက် အမြင်ကျယ်ကျယ် ရှုမြင်မြော်တွေးနိုင်စွမ်းရှိသည့် ပင်ကိုအသိ၊ ဆင်ခြင်ဉာဏ်သတိများကို နှလုံးအိမ်တွင် ထာဝစဉ်ရှင်သန်အောင် မွေးမြူသွားကြရန် ကမ္ဘာ့ဆရာများနေ့အခါသမယတွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် –

- ပညာ့ပန်းဥယျာဉ်တွင် အရောင်အသွေးစုံလင်လှပသည့်ပန်းများ ငြိမ်းချမ်းစွာပွင့်လန်းနိုင်အောင် အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်သည့် ဥယျာဉ်မှူးများဖြစ်ကြပါစေ၊
- ပညာရိပ်မြုံတွင် မွေ့လျော်ပျော်ပိုက်သည့် အဖိုးထိုက်ရတနာ ပညာတတ်လူကောင်းလူတော်များစွာကို မွေးထုတ်ပေးနိုင်ကြပါစေ၊
- ပညာပါရမီရင့်သန်ပြီး ဂုဏ်သတင်းကောင်းဖြင့် နိုင်ငံ့ပုံရိပ်နှင့် ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ကြပါစေ၊
- ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး ကောင်းကျိုးအရာရာပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ**

**ဦးမင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



သင်္ဘောပေါ်တွင် ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။

**★ နိုင်ငံတော်မှ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စက်တင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာ၍ သွားရောက် ခေါ်ဆောင်ခဲ့သည်။ အဆိုပါ စစ်ရေယာဉ်များသည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး ထိန်းသိမ်းခံ မြန်မာနိုင်ငံ သားများအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက် စက်တင်ဘာလ ၂၉ ရက် ညပိုင်းတွင် ပြန်လည်ခေါ်ဆောင်လာခဲ့ရာ ရန်ကုန်မြို့ အမှတ်(၃)ဆိပ်ခံတံတား (သီလဝါ)သို့ ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် ဆိုက်ကပ်ရောက်ရှိခဲ့ပြီး အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။

ထိုသို့ သွားရောက်ခေါ်ဆောင်ခဲ့စဉ်အတွင်း စစ်ရေယာဉ်မှ တာဝန်ရှိသူများက အမိမြေမှ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား နွေးထွေးစွာ ကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် ကြိုက်နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်များ အမိမြန်မာပြည် မြန်မာ့ရေပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်၌ မိခင်နိုင်ငံရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မောင်ရင်းနှမ၊ မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို တွေ့မြင်ရပြီး ပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသော မေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့သော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့ အမှတ်(၃) ဆိပ်ခံတံတား(သီလဝါ) ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး နေ့လယ်စာ ကြက်ဆီထမင်း၊ မုန့်နှင့် စားသောက် ဖွယ်ရာများကို ကျွေးမွေးကာ ဒေသများအလိုက် အသင့် စောင့်ဆိုင်းနေသော မော်တော်ယာဉ်များ ပေါ်သို့ တင်ဆောင်၍ ခေတ္တနားခိုရန် အသင့်စီစဉ်ထားသော စုရပ်နေရာများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်လက်ခံရေးဆောင်ရွက်၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားလှယ်များထံသို့ စနစ်တကျလွှဲပြောင်းပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တာဝန်ရှိသူများက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် UID Card များ ဆောင်ရွက်ပေးလျက်ရှိသည်။ နေရပ်ဝေးကွာသူများအား ၎င်းတို့၏ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးနှင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်၍ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ကူညီ



နေရပ်ပြန် မြန်မာနိုင်ငံသားများအား သင်္ဘောပေါ်တွင် စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။



ရန်ကုန်မြို့ အမှတ်(၃)ဆိပ်ခံတံတား(သီလဝါ)ဆိပ်ကမ်း၌ နေရပ်ပြန် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။

ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၉၀၅ ဦးအား ၂၀၂၆ ခုနှစ်အတွင်း ဇန်နဝါရီလမှ

**စာမျက်နှာ ၅ သို့ ❖**



နေရပ်ပြန် မြန်မာနိုင်ငံသားများအား သင်္ဘောပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



နေရပ်ပြန် မြန်မာနိုင်ငံသားများ စိတ်အပန်းပြေစေရန် သင်္ဘောပေါ်တွင် စုပေါင်းသီချင်းသီဆိုနေကြစဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ကောင်စစ်ဆိုင်ရာ ကူညီဆောင်ရွက်မှုများကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော် ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း(MAI) နှင့် AirAsia လေယာဉ်များဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံသားစုစုပေါင်း ၁၉၀၅ ဦးကိုလည်းကောင်း၊ အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချိုးဖောက်ခဲ့မှုများကြောင့် ပြစ်ဒဏ်ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားသူများကို မြန်မာနိုင်ငံသား မှန်ကန်မှုရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိစစ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စိစစ်ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံသားမှန်ကန်သူ ၈၀၄၁ ဦးကို လေယာဉ်ဖြင့် အပတ်စဉ် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် လေယာဉ်စရိတ်မတတ်နိုင်သည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား မြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့ဖြင့် ပြန်လည်ခေါ်ဆောင်လာရာ ယနေ့တွင် မြန်မာနိုင်ငံသို့ ချောမောစွာရောက်ရှိခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အားလျော်စွာ နိုင်ငံသားများအနေဖြင့် ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်စီးပွားရေးကဏ္ဍများတွင် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု စွမ်းအားကို မြှင့်တင်နိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ဂုဏ်သိက္ခာရှိပြီး လုံခြုံစိတ်ချရသည့် လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေးဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ တရားမဝင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများကို ရှောင်ကြဉ်ကြရန်နှင့် လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် သတိပေးနှိုးဆော်ထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နောင်တွင်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲတစ်စုံတစ်ရာကြုံတွေ့လာပါက မြန်မာသံရုံးများနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



နေရပ်ပြန်မြန်မာနိုင်ငံသားများအား မိသားစုဝင်များက ကြိုဆိုကြစဉ်။



နေရပ်ပြန်မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ဝေငှပေးစဉ်။

❖ စာမျက်နှာ ၄ မှ

စက်တင်ဘာလအထိ တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်များဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ၊ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား (၂၆)ဦးအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား(၁၀၈၆)ဦးအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသား(၈၀၄၁)ဦးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ လေယာဉ်များဖြင့်လည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့သည့်အပြင် ယခုအခါ မလေးရှားနိုင်ငံမှ ခေါ်ဆောင်ရန် ကျန်ရှိနေသေးသော မြန်မာနိုင်ငံသား (၁၄၇၆) ဦးကို လည်း လူသားချင်းစာနာ ထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရအဖွဲ့များ ညှိနှိုင်းကာ ယခုကဲ့သို့ မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ အမိအဖပမာ ကြီးမားသောမေတ္တာတရား၊ တပ်မတော်၏ မွန်မြတ်ခိုင်ကျည်သော လုံ့လအားထုတ်မှု၊ တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပြည့်ဝသောစေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ အမိမြန်မာနိုင်ငံနှင့် ဝေးကွာပြီး ဘေးဒုက္ခများခံစားနေရသော ပြည်ပရောက် မြန်မာနိုင်ငံသားများ အတွက် အိမ်အပြန်ခရီးကို အောင်မြင်စွာ ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး မိသားစုများနှင့် အမြန်ဆုံးပြန်လည်ပေါင်းစည်းနိုင်တော့မည် ဖြစ်၍ ပြန်လည် ရောက်ရှိလာသူများအနေဖြင့် ကြည်နူးမှု ပီတိမျက်ရည်များဖြင့် စိတ်အေးချမ်းသာရွှင်လန်းဝမ်းမြောက်လျက်ရှိကြကြောင်း သိရှိရပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အား အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက် ပေးလျက်ရှိသည်။ နိုင်ငံသားများအနေဖြင့် လည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည်ကာ ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ယခုထက်ပိုမိုမြှင့်တင်နိုင်ပြီး ဂုဏ်သိက္ခာရှိ၍ လုံခြုံစိတ်ချရသည့်လူနေမှုဘဝများ ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေး ဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပသို့ တရားမဝင် ထွက်ခွာခြင်းများကို မပြုလုပ်ကြရန်၊ ပတ်ဝန်းကျင်စည်းရုံးမှုများကို အယုံကြည်လွယ်၍ လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲတွေ့ကြုံလာပါက မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် အမိနိုင်ငံသို့ အေးချမ်းလုံခြုံစွာ ပြန်လည် ရောက်ရှိနိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**၁၀၀**

---

**☆ အလှည့်ကျစနစ်ဖြင့်မှ**

ထို့အပြင် ယခုနှစ်နွေရာသီအမီ ဆိုလာစီမံကိန်းအသစ်များ၊ ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အပါအဝင် ဓာတ်အားထပ်မံထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစနစ်များ ပြန်လည်ကောင်းမွန်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ဓာတ်အားလိုအပ်ချက် မြင့်မားလာသည့်အချိန်တွင် ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှု အချိုးညီမှုမရှိပါက ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားထုတ်စက်များ ရုတ်တရက် ရပ်တန့်ခြင်း၊ မဟာဓာတ်အားလိုင်းများအပြစ်ဖြစ်ပေါ်၍ တစ်နိုင်ငံလုံး ဓာတ်အားစနစ်ပြတ်တောက်ခြင်း(System Breakdown) စသည်တို့ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလတွင် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်အညီ သုံးစွဲမှုကို အချိုးညီစေရေးအတွက် ဝန်အားထိန်းညှိဖြန့်ဖြူးမှုကို မလွှဲမရှောင်သာ အနည်းဆုံးပမာဏဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား အလှည့်ကျစနစ်ဖြင့် ဝန်အားထိန်းညှိ၍ ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်ကို (၅-၁၀-၂၀၂၆)နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

**✻ ပုဂံမှ**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် Balloon Over Bagan က အောက်တိုဘာ ၁၅ ရက်တွင် မိုးပျံပူဖောင်းများ စတင်ပျံသန်းသွားမည်ဖြစ်ပြီး STT Balloons က နိုဝင်ဘာလ ပထမပတ်တွင် စတင်ပျံသန်းကာ ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မိုးပျံပူဖောင်းများ စတင်မပျံသန်းမီ ပိုင်းလော့များ၊ မိုးပျံပူဖောင်းဝန်ထမ်းများက လေကြောင်းတိုင်းတာခြင်းနှင့် ရာသီဥတုတိုင်းတာခြင်းများကို ကြိုတင်တိုင်းတာလေ့ရှိကာ လေကြောင်းတိုင်းတာခြင်းများအပေါ်မူတည်၍ မိုးပျံပူဖောင်းများကို ကျွမ်းကျင်ပိုင်းလော့များက ပျံသန်းကွင်းများမှ စတင်ပျံသန်းကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် မိုးပျံပူဖောင်းစီး၍ ရှေးဟောင်းအဆောက်အအုံများ၊ ဒေသပေါက်ပင်များနှင့် ဧရာဝတီမြစ်အလှ၊ နတ်သမီးကမ်းပါးအလှ၊ ကုန်းတော်ကြီးဘုရားအလှနှင့် တုရင်တောင်တန်းရှုခင်းများကို မိုးပျံပူဖောင်းစီး၍ ကြည့်ရှုခံစားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

# ကိုယ့်မြေကိုယ့်လေကို ရှူရှိုက်လိုက်ရတဲ့ ခံစားမှုဟာ ဘာနဲ့မှလဲလို့မရပါဘူး။ ကျွန်မတို့ကို ကယ်တင်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်ကို အလွန်ကျေးဇူးတင်ပါတယ်

**မချို(လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်)**

**ဓာတ်ပုံ - ကနူး / မောင်သီ**
**အင်တာဗျူး - သစ္စာ(MNA)**

**မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စက်တင်ဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ တပ်မတော်(ရေ)နှင့် တာဝန်ရှိသူများဦးဆောင်၍ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်)တို့ဖြင့် မြန်မာနိုင်ငံသား အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၄၇၆ ဦးတို့ကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။**

နေရပ်ပြန် နိုင်ငံသားများ အနေဖြင့် အရာရာခြားနားသော ပြည်ပနိုင်ငံတွင် စိုးရိမ်ကြောင့်ကြမှုဖြင့် နေထိုင်ရသည်ထက် အမိနိုင်ငံတွင် အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တို့တွင် တစ်တပ်တစ်အား လက်တွဲပါဝင်ရန် စိတ်အားထက်သန်မှုနှင့်အတူ ယခုကဲ့သို့ အမိနိုင်ငံသို့ အပူအပင်ကင်းစွာ ပြန်လည်ရောက်ရှိလာပြီး မိသားစုနှင့်အတူ အိမ်ဟူသော အမိုးရိပ်အောက်၌ အေးအတူပူအမျှ အတူတကွနေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရမှ ဖေးမခေါ်ဆောင်လာမှုအပေါ် လှိုက်လှဲဝမ်းသာစွာကျေးဇူးတင်ရှိကြသည့် မိဘပြည်သူများနှင့် နေရပ်ပြန် နိုင်ငံသားတို့၏ ရင်ထဲမှ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်-



**(၁) ဒေါ်ခင်ဝိုင်း**
**(နှမ်းတောရွာ၊ ပျဉ်းမနားမြို့)**

ဒီနေ့ မလေးရှားက ပြန်ခေါ်လာတဲ့သူတွေ ရောက်လာပြီဆိုလို့ ဒီကို ရောက်လာတာပါ။ သား တစ်ယောက်တည်း ရှိတာပါ။ ဟိုမှာအလုပ်လုပ်တာ တစ်နှစ်ကျော်ပါပြီ။ အဖမ်းခံရတာ ခုနစ်လကြာပါတယ်။ မလေးရှားကနေ တပ်မတော်သင်္ဘောနဲ့ ပါလာပြီ၊ ထွက်လာပြီ၊ ဘယ်ကိုရောက်ပြီဆိုပြီး ဖုန်းနဲ့ လှမ်းဆက်သွယ်တဲ့အတွက် ဝမ်းလည်းသာ ငိုလည်းငိုရပါတယ်။ သားလေးကို မြန်မာနိုင်ငံ ပြန်ရောက်အောင် ကူညီပေးကြတဲ့ အကြီးအကဲများ အားလုံးကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။

**(၂) ဒေါ်အေးမြတ်နွယ်**
**(ကျောက်တံခါးမြို့၊ ပဲခူးတိုင်းဒေသကြီး)**

သားကိုမြင်ရတော့မယ်ဆိုတော့ လက်တွေခြေတွေ တုန်နေပါတယ်။ စွန့်ပစ်ရပြီလို့ထင်ရတဲ့ ကလေးကို နိုင်ငံ့အကြီးအကဲများက ပြန်ခေါ်ပေးတဲ့အတွက်



ဝမ်းသာကြည်နူး ဖြစ်ရပါတယ်။ မလေးရှားမှာ သုံးနှစ်နေခဲ့ပြီး အောက်လမ်းက သွားတဲ့အတွက် အဖမ်းခံရတာပါ။ ထောင်ထဲမှာ တစ်နှစ်ပြည့်ပါပြီ။ စားဝတ်နေရေးအတွက် လွှတ်ရတာဖြစ်တော့ အဖမ်းခံရချိန်မှာ မိသားစု ပရိဒေဝမီး ခံစားနေရတာ နေ့စဉ်လိုပါပဲ။ ပြန်လာမယ်လို့ မြန်မာနိုင်ငံက ဆက်သွယ်အကြောင်းကြားတော့ အံ့ဩဝမ်းသာပြီး ထမင်းမစားနိုင် ဖြစ်ရပါသေးတယ်။ အခု ရင်အေးပါပြီ။ ဘယ်ကိုမှလည်း မလွှတ်တော့ပါဘူး။ ကလေးရဲ့ စိတ်ကျန်းမာရေးကောင်းအောင် အရင်ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။



**(၃) ကိုကျော်သူစိုး(ဆောမြို့နယ်၊ မကွေးတိုင်းဒေသကြီး)**

ကျွန်တော် မလေးရှားမှာ သုံးနှစ်အလုပ်လုပ်ခဲ့တာပါ။ စိုက်ပျိုးရေးမှာ အလုပ်လုပ်နေရင်း ညပိုင်းခြံထဲကိုဝင်ပြီး ဖမ်းဆီးတာခံရတာပါ။ ကျွန်တော်တို့ကို လာခေါ်တဲ့ စစ်သင်္ဘောပေါ်မှာ စားသောက်နေထိုင်ရတာ အားလုံးအဆင်ပြေပါတယ်။ မလေးရှားနိုင်ငံက ထိန်းသိမ်းခံရတဲ့နေရာမှာ ရှစ်လနေခဲ့ရပြီး အခက်အခဲနဲ့ ဒုက္ခမျိုးစုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံသားတွေလည်း ကျနေပြီး အနေဆင်းရဲ၊ အစားဆင်းရဲတာကြောင့် အမြန်ဆုံးခေါ်ဆောင်ပေးစေလိုပါတယ်။ အခု မိသားစုနဲ့တွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်။ အခြားနိုင်ငံမှာ ကိုယ့်နိုင်ငံလောက် လုံခြုံအေးချမ်းပြီး စာနာထောက်ထားမှု မရှိပါလားလို့လည်း ရင်ထဲမှာ အားလုံးခံစားနေရမှာပါ။ ပြည်ပမှာ အလုပ်သွားလုပ်မယ်ဆိုရင် အထောက်အထားပြည့်စုံမှသာ သွားရောက်လုပ်ကိုင်ဖို့ နိုင်ငံသားတွေကို ပြောချင်ပါတယ်။ ကျွန်တော်တို့ကို လောကငရဲကခေါ်ထုတ်လာပေးတဲ့ နိုင်ငံတော်အစိုးရကို ဘယ်လိုမှ ပြောမပြတတ်အောင် အလေးအနက်ထား ကျေးဇူးတင်ပါတယ်။



**(၄) မချို**
**(လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်)**

မြန်မာနိုင်ငံ ဘုရားသုံးဆူကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက်က မလေးရှားနိုင်ငံကို ထွက်သွားတာ ၁၁ ရက်မှာ မလေးရှားကိုရောက်ပါတယ်။ ရောက်ပြီးညနေပိုင်းမှာ ကျွန်မတို့ သူငယ်ချင်း ခြောက်ယောက်လုံး အဖမ်းခံရတာပါ။ CAMP ထဲမှာ ၁၀ ရက်နေရပြီး ထောင်ထဲပို့တာ ခံရတယ်။ မြန်မာနိုင်ငံသားတွေ ကျွန်မတို့လို အဖမ်းခံရတာ အများကြီးပဲဆိုတာ ဟိုရောက်မှ သိရတယ်။ ထောင်ထဲမှာ ဘာတစ်ခုမှ အဆင်မပြေပါဘူး။ ဒုက္ခမျိုးစုံ ဖုံးလွှမ်းနေတဲ့နေရာကို ရောက်သွားသလိုပါပဲ။ စီးပွားရေးအဆင်မပြေလို့ ပြည်ပကိုသွားတာဆိုပေမယ့် အဲဒီလို ဒုက္ခတွေရင်ဆိုင်ရမယ်လို့သိရရင် သွားဖြစ်မှာ မဟုတ်ပါဘူး။ ရွာတွေကို လာခေါ်တဲ့ အလုပ်ပွဲစားတွေကို မယုံကြည်ကြဖို့ ပြောလိုပါတယ်။ ကျွန်မအသက် (၁၉)နှစ်ပဲ ရှိပါသေးတယ်။ ရွာရောက်ရင်ပြည်ပမှာအလုပ်လုပ်ဖို့ လာခေါ်ရင် လုံးဝမသွားဖို့ ဆုံးဖြတ်ထားပါတယ်။ ရွာမှာပဲ အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ သူငယ်ချင်း သုံးယောက်ဟိုမှာကျန်ခဲ့ပါသေးတယ်။ သူတို့တွေ ဘယ်လိုဆက်ပြီး အခက်အခဲတွေ ရင်ဆိုင်ရမလဲလို့ တွေးလိုက်ရင် မျက်ရည်ကျမိတယ်။ အခုလို ကိုယ့်မြေကိုယ့်လေကို ရှူရှိုက်လိုက်ရတဲ့ ခံစားမှုဟာ ဘာနဲ့မှ လဲလို့မရပါဘူး။ ကျွန်မတို့ကို ကယ်တင်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်ကို အလွန်ကျေးဇူးတင်ပါတယ်။



**(၅) မောင်မောင်ဦး**
**(ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်)**

ကျွန်တော် မလေးရှားနိုင်ငံကို အောက်လမ်းကနေ သွားခဲ့တာပါ။ ဟိုက CAMP ထဲမှာ ရှစ်လနီးပါး နေခဲ့ရပါတယ်။ မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ် CAMP ထဲမှာ လူသစ်တွေ ရာနဲ့ချီပြီး ရှိနေပါတယ်။ အခက်အခဲတွေ ကြုံတွေ့နေရတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို နိုင်ငံတော်အစိုးရက အခုလိုပဲ ပြန်လည်ခေါ်ဆောင်ပေးတာ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျန်ခဲ့ပြီး ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတွေကို ဒီလိုပဲ ခေါ်ဆောင်ပေးဖို့လည်း မျှော်လင့်ပါတယ်။ အခုလိုခေါ်ဆောင်လာပေးတဲ့ နေရပ်ပြန်တွေထဲမှာ ရခိုင်ပြည်နယ်တစ်ခုလုံး မြို့အသီးသီးက လူဦးရေ ၃၀၀ နီးပါး ပါလာပါတယ်။ မိသားစုနဲ့ ပြန်တွေ့ရပြီး ကိုယ့်နိုင်ငံကို ပြန်လည်ခေါ်ဆောင်ပေးတဲ့ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်သားတွေကို ကျေးဇူးတင် ဂါရဝပြုပါတယ်ခင်ဗျာ။

**(၆) ဗိုလ်ချုပ်ကျော်လင်းဇော်**
**တပ်မတော်(ရေ)**

ဒီခရီးစဉ်မှာ စစ်ရေယာဉ်(မုတ္တမ)၊ စစ်ရေယာဉ် (ဆင်ဖြူရှင်)နဲ့ ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သုံးစင်း စုဖွဲ့ပြီး သွားခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့ မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့အတွက် အခက်အခဲဖြစ်နေတဲ့ မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့တဲ့ ခရီးစဉ် ဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကနေ မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းအထိ ရေမိုင်



၈၅၀ ကျော် ဝေးပါတယ်။ အသွား၊ အပြန် ၁၁ ရက်ကြာခဲ့ပြီး ယနေ့ ပြန်ရောက်ခဲ့ပါတယ်။ ခရီးစဉ် အောင်မြင်ဖို့အတွက် ပထမဆုံး ဆက်သွယ်ဆောင်ရွက်ပေးတာက နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလည်း ပါဝင်ပါတယ်။

တပ်မတော်ရေအပြင် လက်ရုံးတပ်ဖွဲ့တွေဖြစ်တဲ့ တပ်မတော်ဆေးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ တပ်ထိန်းတပ်ဖွဲ့တွေပူးပေါင်းမှုနဲ့ လစ်ဟာမှုမရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စစ်ရေယာဉ် သုံးစင်းမှာ အရာရှိ၊ စစ်သည် စုစုပေါင်း အင်အား ၄၃၂ ဦး လိုက်ပါပြီး လိုအပ်ချက်မရှိအောင် ခရီးစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်ပြန်တဲ့ နိုင်ငံသားများအနေနဲ့ ဟိုမှာ ရက်ကြာရှည်စွာ ခက်ခဲကြမ်းတမ်းတဲ့ အချုပ်၊ CAMP နဲ့ ထောင်တွေထဲမှာ နေခဲ့ရတာကြောင့် သူတို့အတွက် စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ အဆင်ပြေအောင်၊ စိတ်လက်ပေ့ါပါးအောင် အားကစားပြုလုပ်ပေးခြင်း၊ တေးသီချင်းများသီဆိုစေခြင်းစတဲ့ စိတ်နှလုံးပျော်ရွှင်အောင် စီမံဆောင်ရွက်ပေးတဲ့အပြင် မြန်မာ့ရေပိုင်နက်ကို စစ်သင်္ဘောစတင်ဝင်ရောက်တာနဲ့ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ မြန်မာ့အငွေ့အသက်ကို ပြန်လည် အမှတ်ရရှိအောင် မုန့်ဟင်းခါးချက်ကျွေးပြီး အစစအရာရာ လိုလေသေးမရှိအောင် ပြန်လည်ခေါ်ဆောင်ခဲ့ပါတယ်။

တပ်မတော်(ရေ) အနေနဲ့ နိုင်ငံတော်အကြီးအကဲ၊တပ်မတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်သူ့အကျိုးဆိုရင် ဘယ်သောအခါမှ လက်မနှေး၊ အချိန်မဆိုင်းစေပဲ ကူညီဆောင်ရွက်ပေးနေတာ ဖြစ်တဲ့အတွက် အခုလို တာဝန်ထမ်းဆောင်ခွင့် ရရှိမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**(၇) ဦးမြင့်ကြည်(ရန်ကုန်တိုင်းဒေသကြီး လဝက ဦးစီးမှူး)**

ဒီနေ့ မလေးရှားနိုင်ငံက နေရပ်ပြန်နိုင်ငံသားတွေ သီလဝါဆိပ်ကမ်းကို ရောက်လာချိန်မှာ မြန်မာနိုင်ငံ



သားဆိုင်ရာ အချက်အလက်တွေကို စိစစ်မယ်၊ EID နဲ့ တိုက်ဆိုင်စစ်ဆေးပြီး UID လုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ပထမဆုံး သင်္ဘောပေါ်ကို ပါသွားတဲ့ လဝကအဖွဲ့တွေက ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး နေရပ်ပြန်တွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို စိစစ်ဆောင်ရွက်ထားတဲ့အပေါ် ဆိပ်ကမ်းကို ရောက်လာချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုယ်ရေးအချက်အလက်တွေကို ရယူဆောင်ရွက်ပြီး နေ့ချင်းလာရောက်ခေါ်ယူတဲ့ ကရင်၊ ကယား၊ ရှေဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်ကောင်စီ၊ ရှမ်း၊ မွန်စတဲ့ လူ ၂၀၀ ကျော်ကို ဒီမှာပဲ UID စာရင်းကောက်ယူပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိတဲ့သူတွေကို နိုင်ငံသားကတ် ထုတ်ပေးခြင်း၊ ကတ်ပြားနံပါတ်မမှတ်မိသူတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ရှိတဲ့သူ အားလုံးကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လာရောက်ခေါ်ယူသူ ဌာနဆိုင်ရာတွေထံ နေရပ်ပြန်တွေကို အပ်နှံပေးပြီး ကား၊ လေယာဉ်၊ သင်္ဘောစသဖြင့် သွားလာရမယ့်ဒေသအပေါ်မူတည်ပြီး ပြန်လည်ပို့ဆောင်ပေးနေပါတယ်။ လဝကအနေနဲ့ မြန်မာနိုင်ငံသား ဟုတ်/မဟုတ်ကို EID စနစ်နဲ့ စိစစ်ပြီး အချက်အလက်မှန်အောင် UID ကောက်ယူခြင်းလုပ်ငန်းကို အဓိကထား ဆောင်ရွက်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအန်ဒရေ ကူဇနက်ဆော့ဗ်၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus) သို့ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဘယ်လာရုစ် သံမဏိနှင့် သတ္တုထုတ်ကုန်များထုတ်လုပ်သည့် စက်ရုံများအတွင်း လေ့လာကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်း ရူဇန်ကော့ဗ်နှင့်တွေ့ဆုံပြီး တတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေး မြန်မာနိုင်ငံ၌ ကျင်းပရေး၊ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အန်ဒရေ ကူဇနက်ဆော့ဗ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့ကြသည်။

### လှည့်လည်လေ့လာကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ မစ္စနာဒက်ဒါလာဇာရီဗစ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုကုန်စည်ပြပွဲ၌ ပြသထားသည့် ပြခန်းများကို လှည့်လည်လေ့လာကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးများသည် အောက်တိုဘာ ၁ ရက်တွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus) ၏ စီးပွားရေးအစီအစဉ်များနှင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြပြီး မင့်စ်မြို့ရှိ Techno Park သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက Techno Park နှင့် သက်ဆိုင်သည့်အချက်အလက်များကို လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် Minsk Automatic Lines Plant စက်ရုံအတွင်း အလိုအလျောက် စက်ယန္တရားများ ထုတ်လုပ်တပ်ဆင်နေမှုကိုလည်းကောင်း၊ Minsk Plant of Technological Metal Structures ၏ နည်းပညာမြင့် သတ္တုထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် နည်းပညာအသုံးပြုဆောင်ရွက်နေမှုကိုလည်းကောင်း လေ့လာကြည့်ရှု၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၄**

မုံရွာမြို့နေပြည်သူများ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရေးနှင့် ကန်သာယာကန် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ရေဆိုးမြောင်းများတူးဖော်ရန် စီစဉ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးများနှင့်အညီ စံချိန်စံညွှန်းမီစွာ ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ပူတာအိုမြို့နယ်၌ သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်မည့်နေရာသို့ ကွင်းဆင်းစစ်ဆေး

**ပူတာအို အောက်တိုဘာ ၄**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် HSP Myanmar ကုမ္ပဏီမှ တင်ဒါအောင် ဆောင်ရွက်မည့် ပူတာအိုမြို့နယ် မကျော့ဝါကျေးရွာအဝင်၌ ပြန်လည်တည်ဆောက်မည့် သံကူကွန်ကရစ်တံတား အလျား ပေ ၈၀ အကျယ် ပေ ၂၀ ရှိ လုပ်ငန်းခွင်နေရာကို ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးရဲရင့်ဆွေသည် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)၊ ပူတာအိုခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်၍ ဒေသခံပြည်သူများ အချိန်မီအသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ တံတားပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာစေမည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေး လုပ်ငန်းကဏ္ဍများ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ခွေးရူးရောဂါကာကွယ်ဆေး (အခမဲ့) ထိုးနှံပေး

**အင်္ဂပူ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရွှေတောင်စု (စံပြ) ကျေးရွာခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ “Mass Dog Vaccination Programme” သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး (အခမဲ့) ကွက်ပြည့်ထိုးနှံခြင်း (ပထမနှစ်) အခမ်းအနားပြုလုပ်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး (အခမဲ့) ကွက်ပြည့်ထိုးနှံခြင်း (ပထမနှစ်) အစီအစဉ်နှင့် ခွေးရူးရောဂါအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရွှေတောင်စုကျေးရွာနှင့် မကျီးကုန်းကျေးရွာတို့မှ ခွေး ၁၂၄ ကောင်အား ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# မန္တလေးမြို့ရှိ သမိုင်းဝင်အထင်ကရနေရာများသို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**စစ်ကိုင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ မန္တလေးရွှေကျောင်းကြီးနှင့် မဟာအတုဝေယံဘုံသာစသည့် သမိုင်းဝင်အထင်ကရနေရာများသို့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဆင်း ကျောင်းသားကျောင်းသူ ၂၄၆ ဦးနှင့် အုပ်ချုပ်သူဆရာ ဆရာမ ကိုးဦး သွားရောက်လေ့လာခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခြင်း၊ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်း ပြောကြားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်

မြန်မာနိုင်ငံ၌ ကာလကြာမြင့်စွာကပင် တိုင်းတစ်ပါးမှ အမျိုးမျိုးသော မာယာမျိုးစုံတို့ ပြည့်နှက်နေသည်။ မာယာအမျိုးမျိုးတို့တွင် ခံစားမှုမာယာသည် ကြည်နူးနှစ်သက်စွဲမက်ဖွယ်ကောင်းသဖြင့် လူ့အကြိုက်ဖြစ်သည်။ ခေတ်ပေါ်တေးဂီတဖြင့် ဆိုကြ၊ ကကြ၊ သီဆိုကြဟန်များသည် လူငယ်များအဖို့ စိတ်ခေတ်ရှင်လန်းတက်ကြွလန်းဆန်းမှုကို ဖြစ်စေသည်။ သို့သော် မိမိတို့၏ ရိုးရင်းစွဲကောင်းမြတ်သည့်အစဉ်အလာများ၊ အကျင့်စရိုက်များ မပျောက်ပျက်ရန် သတိပြုဖို့လိုသည်။

ကိုရင်မောင်

**ထိန်းသိမ်းစောင့်ရှောက်**

ခံစားမှုမြောက်သည့် အနောက်တိုင်းယဉ်ကျေးမှုက ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုနှင့်အတူ ကာလအတော်ကြာအောင် လူငယ်လူရွယ်ကြားတွင် လွှမ်းမိုးထားနိုင်ခဲ့သည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကာလတွင် ခေတ်ရေစီးကြောင်းအလျောက် လိုက်ပါစီးမျောကြရသည် မှန်သော်လည်း မိမိတို့၏ ကိုယ်ပိုင်အနုပညာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်။

ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ပျောက်ပျက်ပါက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအား တန်ဖိုးထားလိုစိတ်များလည်း ပျောက်ပျက်သွားမည်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်းပျောက်ပြီး နိုင်ငံပါပျောက်ကွယ်သွားနိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမပညာရပ်များ အသီးသီးရှိကြသည်။ အဆိုပါနိုင်ငံများသည် နယ်ပယ်ကဏ္ဍအသီးသီး၌ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော်လည်း ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့နိုင်သည်။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်းက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်သီဆို ဖျော်ဖြေသရုပ်ဖော် တင်ဆက်ပြသခြင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း ရုပ်သံသတင်းများ၌ ကြည့်ရှုရသည်။ အဆိုတော်တစ်ဦးတည်းက သဘာဝသံစဉ်အမျိုးမျိုးကို အသံတုဖြင့် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် ထင်ရှားကျော်ကြားသည့် ကမ္ဘာကျော် ရိုးရာတေးဂီတဖြစ်သည်ဟု မှတ်သားခဲ့ဖူးသည်။

ရုရှားနိုင်ငံတွင် လူမျိုးစုပေါင်းများစွာရှိသလို လူမျိုးအသီးသီး၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အနုသုခုမပညာရပ်များရှိသည်။ ၎င်းတို့ကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ တရုတ်နိုင်ငံတွင်လည်း အလားတူပင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ထင်ရှားကျော်ကြားသည့် လူမျိုးအသီးသီး၏ အနုသုခုမပညာရပ်များရှိသည်။ တရုတ်ကျေးလက်အကသည် နှစ်ထောင်ပေါင်းများစွာကတည်းက တီထွင်ဖွဲ့စည်းထားသော အကဖြစ်သည်။ တရုတ်နိုင်ငံတွင် ကျယ်ပြန့်စွာပျံ့နှံ့တိုးတက်လာခဲ့ပြီး ပြည်သူလူထု၏ နှစ်သက်ခြင်းကို ခံခဲ့ရသည်။

**အစွန့်ရှည်တည်တံ့ခိုင်မြဲ**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ မြင့်မားခိုင်ကျည်သော နိုင်ငံဖြစ်သည်။ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့၏ သီဆိုတီးမှုတ်ကခုန်မှု အနုသုခုမပညာရပ်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စတင်ထွန်းကားလာခဲ့သည်။ ပုဂံခေတ်ဦး နံရံဆေးရေးပန်းချီများတွင် မြန်မာ့မူဟန် ကခုန်ဟန်များကို ရေးဆွဲထားသည်။ သရေခေတ္တရာခေတ်ဖြစ်သည့် ပျူခေတ်ကတည်းကပင် ဂီတအနုသုခုမသဘင်ပညာသည် အထွတ်အထိပ်နေရာတွင်ရှိခဲ့သည်။ အိမ်နီးချင်းတရုတ်နိုင်ငံသို့ သံတမန်ဆက်ဆံရေးအရ ပျူတေးဂီတအနုသုခုမပညာရှင်အဖွဲ့ သွားရောက်တင်ဆက်ခဲ့သည်ကို တရုတ်ထန်မင်းဆက်အုပ်ချုပ်ပုံစာတမ်း၌ လေးစားဂုဏ်ယူစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုစဉ်က တရုတ်ဘုရင် “တဲကျန်း”၏ နန်းတွင်း အတွင်းဝန် “ကဗျာစာဆို ပေါ်ကျူ ယိ”က ဂန္ထဝင်ကဗျာရှည်တစ်ပုဒ်ရေးဖွဲ့၍ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အဆုံးအထိ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ တိုင်းတစ်ပါးလက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်အောင်ရောက်ခဲ့သော်လည်း မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် နိုင်ငံခေတ်မီတိုးတက်နေသော်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်ကို တွေ့ရသည်။ နိုင်ငံမည်သို့ပင် ခေတ်မီနေသည်ဖြစ်စေ၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မေ့ပျောက်မထားပေ။ မိမိတို့၏ ရှေးအစဉ်အဆက် ကိုယ်ပိုင်ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သောကြောင့် အဆိုပါနိုင်ငံများသည် အစွန့်ရှည် တည်တံ့ခိုင်မြဲသာယာဝပြောနေသည်ကို တွေ့ရသည်။

**ထိန်းသိမ်းထားနိုင်**

ယနေ့ကမ္ဘာတွင်လည်း နည်းပညာများ မြင့်မားလာသည်နှင့်အမျှ မြေကြော၊ ရေကြောတို့ရှုံ့လာသည်။ ကမ္ဘာ့တစ်နေရာမှတစ်နေရာ အကြောင်းအရာများကို ချက်ချင်းသိလာရသည်။ တစ်နေရာမှတစ်နေရာ ဆက်သွယ်မှု မြန်ဆန်လာသည်နှင့်အမျှ ယဉ်ကျေးမှုအရှိန်အဟုန်သည်လည်း အရှိန်အဟုန်ပြင်းပြင်း စီးဆင်းနေသလို အရောရော အထွေထွေလည်း ဖြစ်လာသည်။ ခေတ်ရေစီးကြောင်းအမျိုးမျိုးတွင် အနုပညာခံစားမှုရေစီးကြောင်းသည် ခံစားမှုမြောက်သလို ဖမ်းစားမှုလည်းပြင်းထန်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကိုမေ့ပျောက်၍ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လာသည်ကို ယနေ့လူငယ်များအကြား၌ တွေ့မြင်နိုင်သည်။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုက လွှမ်းမိုးထိုးဖောက်နိုင်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ထိန်းသိမ်းကာကွယ်ထားနိုင်သည်ကိုတွေ့ရ၍ ဝမ်းမြောက်မိသည်။

မျက်မှောက်ကာလတွင် သဘင်၊ ဂီတအမျိုးမျိုးရှိသည့်အနက် ဇာတ်သဘင် အနုသုခုမပညာရပ်အနေဖြင့် မတိမ်ကောသေးဘဲ ဆက်လက်ထွန်းတောက်နေဆဲဖြစ်သည်ကို တွေ့နိုင်သည်။ ဖိုးချစ်၊ စမ်းရေမိုး၊ အောင်ဇမ္ဗူ စသည့်ဇာတ်သဘင်များအား ပြည်သူလူထုအလွန်အမင်းနှစ်ခြိုက်စွဲလမ်းကြသည်ကို တွေ့နိုင်သည်။ မြန်မာ့ယဉ်ကျေးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသဖြင့် ကျေးဇူးတင်ရမည်ပင်ဖြစ်သည်။

> ❛ မြန်မာ့ယဉ်ကျေးမှု မပျောက်အောင် ပြည်သူအကြိုက် အနုသုခုမပညာရပ်များကို ဖော်ထုတ်ရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေသည်ကို တွေ့ရမည်။ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များတွင် အားလုံးပေါင်းစုံပါဝင်သည့် ပညာရပ်များကို ဖော်ထုတ်ပေးနေမှုသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်ရန် အတွက် ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ ❜

မြန်မာ့ဇာတ်သဘင်ကို နှစ်သက်အားပေးကြသည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ဇာတ်သဘင်ဟူသည် အဆို၊ အတီး၊ အရေး၊ အက အားလုံးပေါင်းစပ်ထားသည့် မြန်မာ့အနုသုခုမပညာပေါင်းစုံပင်ဖြစ်သည်။ ဇာတ်သဘင် တစ်စုတစ်ဖွဲ့၊ ပရိသတ်အင်အားတစ်ခုတည်း ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် မလုံလောက်သေးပေ။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များအားလုံးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်သည်။

**စိုးရိမ်ဖွယ်ရာအဆင့်**

မျက်မှောက်ကာလတွင် မြန်မာ့ယဉ်ကျေးမှုသည် အားနည်းလျော့ရဲလာသည်ကတော့ အမှန်ဖြစ်သည်။ အထိန်းအကွပ်မဲ့ အပြုအမူ၊ ဝတ်စားဆင်ယင်မှု လွှမ်းမိုးမှုများကို တွေ့နိုင်သည်။ အထူးသဖြင့် မျိုးဆက်သစ်အမျိုးသမီးငယ် အသိုက်အဝန်းများတွင် မြန်မာ့ယဉ်ကျေးမှုများ ပါးလျားနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာဆန်ဆန် မြန်မာ့ယဉ်ကျေးမှု သနပ်ခါးလိမ်းသည့် အလေ့အထများ ပျောက်ကွယ်နေပြီဖြစ်သည်။ မြန်မာဆန်ဆန် အင်္ကျီ၊ ထဘီဝတ်ဆင်မှုသည်လည်း ရှားရှားပါးပါး ဖြစ်နေသည်။ အနောက်တိုင်းစတိုင်၊ ကိုရီးယားစတိုင်များ အတော်လွှမ်းမိုးနေရာယူနေသည်။ အပြောအဆို၊ အပြုအမူများမှအစ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များပျောက်ကွယ်နေသည်။ ကလပ်တက်၊ ဘားဝင် အရက်သေစာသာမက မူးယစ်ဆေးဝါးများပင် အချို့သုံးစွဲလာကြသဖြင့် မြန်မာ့ပုံရိပ်ကို ထိခိုက်စေနိုင်ပြီး ထိုမှ မြန်မာ့ယဉ်ကျေးမှု ပျောက်နိုင်သည်အထိ စိုးရိမ်ဖွယ်အဆင့်ကို မြင်တွေ့နိုင်သည်။

စွမ်းအားကြီးသော ယဉ်ကျေးမှုမာယာသည် အချိန်ကာလတစ်ခုမှ နေရာယူလာခဲ့ပြီး လူမှုဘဝအသိုက်အဝန်းတစ်ရပ်လုံး စုံးစုံးမြုပ်နိုင်သည့် အနေအထားသို့ရောက်လာနိုင်သည်။ အသိတစ်ဖန် ပြန်လည်မမွေးဖွားနိုင်ပါလျှင် ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်သည့်နိုင်ငံဘဝသို့ပင် ရောက်ရှိသွားနိုင်သည်။ ထို့ကြောင့် အနုပညာမြတ်နိုးသည့်စိတ်ကို ပညာရေးအကူအညီဖြင့် ရယူနိုင်ပါသည်။ မြန်မာစာ၊ မြန်မာစကားကို ချစ်မြတ်နိုးအောင် လေ့ကျင့်ထားနိုင်ပါသည်။ မြန်မာ့ဂီတ၊ မြန်မာ့အနုသုခုမပညာရပ်များကို တန်ဖိုးထားတတ်အောင် အမြဲထိတွေ့နေရပါမည်။ မြန်မာ့ယဉ်ကျေးမှုသည် အဆင့်မြင့်မားလွန်းသည်ကို ယနေ့လူငယ်များ သိရှိနားလည်အောင် ဦးစွာကြိုးပမ်းပြီး ခေတ်မီသောမြန်မာ့ယဉ်ကျေးမှု ထွန်းကားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် မြန်မာ့ဇာတ်သဘင် တစ်ခေတ်ဆန်းသစ်နေသည်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်သည်။

**ဖော်ထုတ်ပြသ**

မြန်မာ့ယဉ်ကျေးမှု မပျောက်အောင် ပြည်သူအကြိုက် အနုသုခုမပညာရပ်များကို ဖော်ထုတ်ရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေသည်ကို တွေ့ရမည်။ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များတွင် အားလုံးပေါင်းစုံပါဝင်သည့် ပညာရပ်များကို ဖော်ထုတ်ပေးနေမှုသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်ရန်အတွက် ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့သည်။

ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ယဉ်ကျေးမှုအနှစ်သာရများကို ဖော်ထုတ်ရန်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ပြသရန်နှင့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွက်လာစေရန်အတွက်ဖြစ်သည်။

ပြိုင်ပွဲတွင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ထိုမှ ဗဟိုအဆင့်(နေပြည်တော်)အထိ တက်လှမ်းနိုင်ရန် စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ (၂၇)ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းလည်း နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်များ၊ ရွက်ပုန်းသီးများ ပေါ်ထွက်လာအောင် အဆိုပါပြိုင်ပွဲကြီးမှ မွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ယခင်နှစ်များကဲ့သို့ပင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အဆင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယှဉ်ပြိုင်ရန်လျာထားသည့် ဘာသာရပ်များမှာ အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်းတေး၊ ကာလပေါ်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲတို့ပါဝင်မည်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ❖

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## စာဖတ်ရှုန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**အုတ်တွင်း အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂ ရက်က အမက (မူလွန်) သောင်းတိုင်ကုန်းကျောင်းနှင့် အမက(မူလွန်) သစ်တောကျောင်းတို့သို့ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုံးဘီးမော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**

မန္တလေးပညာရေး ဒီဂရီကောလိပ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့၌ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာပါမောက္ခများကိုယ်တိုင် Grade-12 သင် ဆရာ ဆရာမများအား သင်ကြားလေ့ကျင့်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုအားပေးပြီး ပါမောက္ခချုပ်၊ ပါမောက္ခများနှင့်တွေ့ဆုံကာ ပညာသင်ကြားရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။



ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) စာသင်ဆောင်၊ လက်တွေ့ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် အားကစားကွင်းများကို လည်းကောင်း၊ ပူတာအိုမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုကာ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းအလိုက် စာသင်ဆောင် လုံလောက်မှုအခြေအနေကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**မင်္ဂလာတောင်ညွန့် အောက်တိုဘာ ၄**

ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမများ ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ၁၀၁ ဦးတို့က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိအမျိုးသားပြတိုက်(ရန်ကုန်) သို့ လေ့လာရေး သွားရောက်ခဲ့ကြသည်။

ထိုကဲ့သို့ သွားရောက်လေ့လာရာတွင် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများအား ကြည့်ရှုလေ့လာခဲ့ကြရာ အမျိုးသားပြတိုက်(ရန်ကုန်)မှ တာဝန်ရှိသူများက ပြခန်းများအလိုက် အသေးစိတ် လိုက်လံရှင်းလင်းပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာ မှတ်သားခဲ့ကြသည်။



အမျိုးသားပြတိုက် (ရန်ကုန်) ကိုပြည်သူအများ လာရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉နာရီခွဲ မှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မြတ်မြတ်အေး(ပြန်/ဆက်)**

❖ စာမျက်နှာ ၈ မှ
ဆက်လက်ထွန်းကား

အကပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအဆင့်အားလုံး၊ အခြေခံကဗျာလွတ်အက၊ ယိမ်းအကပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲနှင့် ကွက်စိပ်ပြိုင်ပွဲတို့ပါဝင်သည်။ တိုင်းရင်းသားရိုးရာအကနှင့်ပတ်သက်၍ နှစ်စဉ်နှစ်တိုင်း တိုင်းရင်းသားရိုးရာအက တစ်မျိုးစီပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး ယခုနှစ်တွင် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အတီးပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာ အမျိုးအစားအားလုံးပါဝင်မည်ဖြစ်ပြီး အရေးပြိုင်ပွဲတွင် မြန်မာ့မူဟန် မြန်မာ့တေးသီချင်းများကို ရေးသားသီကုံးစပ်ဆိုကြမည်ဖြစ်သည်။ ဖော်ပြပါ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို နိုင်ငံတစ်ဝန်းမှ အနုသုခုမဝါသနာရှင်၊ ပညာရှင်များက ဖော်ထုတ်ယှဉ်ပြိုင်နိုင်ခြင်းသည်ပင် မြန်မာနိုင်ငံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ မပျောက်ကွယ်ဘဲ ဆက်လက်ထွန်းကားနေသည်မှာ ပေါ်လွင်နေသည်။

မည်သို့ပင်ဖြစ်စေ ခေတ်မီတိုးတက်ပြောင်းလဲနေသည့် ယနေ့ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု မာယာအမျိုးမျိုး ထိုးဖောက်လွှမ်းမိုးနေချိန်တွင် မြန်မာတို့၏ ကောင်းမြတ်သည့် ဓလေ့စရိုက်များ မပျက်ယွင်း၊ မပျောက်ပျက်စေရန် ခံစားမှုကိုယ်ခံစွမ်းအားများကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ မျိုးဆက်သစ်များ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်နိုးစေရန်ကြိုးပမ်းကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေး၊ မြတ်နိုးဂုဏ်ယူဖွယ်ရာ အစဉ်အလာများ မပျောက်ပျက်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံပါဝင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပဆင်နွှဲနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် အားပေးကြရမည်ဖြစ်ပါသည်။ ။

■

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၅ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၁၀ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကိုအနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းမတော်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးဆောင်ရွက်နေမှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

လမ်းမတော်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက် (၁၄)လမ်းနှင့် ရွှေတောင်တန်းလမ်း (နောက်ဖေးလမ်းကြား)သို့ရောက်ရှိ စစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီသွယ်၊ ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှသိန်း၊ ကျောက်တံတားခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ဝင်းနှင့် တာဝန်ရှိသူများသည် လမ်းမတော်မြို့နယ်အတွင်းရှိ နောက်ဖေးလမ်းကြားများ သန့်ရှင်းမှု ရှိ/မရှိ၊ မိလ္လာပိုက်များ ကောင်းမွန်မှု ရှိ/မရှိ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ/မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခြင်း၊ အမှတ်(၃)ရပ်ကွက်၊ လမ်းသစ်လမ်းနှင့် (၈) လမ်းကြားရှိ စံပြဥယျာဉ်နောက်ဖေးလမ်းကြား ပြုလုပ်မည့်နေရာအား စစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ နောက်ဖေးလမ်းကြား ၂၂ ခုမှ သန့်ရှင်းရေးပြုလုပ်လျက်ရှိသည့် နောက်ဖေးလမ်းကြားများအား ဆက်လက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက်ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ် - လောင်းလုံး - ကျောက်နီမော် - ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော် - ရှင်မော် လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေကြီးများကို ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့မှ ယနေ့နံနက်ပိုင်းတွင် စတင်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သဘာဝဘေးဒဏ်ထိခိုက်မှု များပြားခဲ့သည့် ကဒက်ငယ်ထိန် ကျေးရွာသို့ ရောက်ရှိခဲ့ပြီး သဘာဝဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ပေါ်ရှိ ရပ်ကွက် ငါးခု၊ အိမ်ထောင်စု ၃၁၀ တို့အား သောက်ရေသန့်ကားဖြင့် ရေသန့်များ ဖြန့်ဝေပေးခြင်း၊ လောင်းလုံးမြို့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် လောင်းလုံး - ကဒက်ငယ်ထိန်ရွာ လမ်းတစ်လျှောက်ရှိ လမ်းပေါ် ပြိုကျနေသော မြေကြီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တံတားမြို့နယ်အား သန့်ရှင်းသာယာလှပသော စံပြမြို့နယ်အဖြစ် ဖော်ဆောင်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အား သန့်ရှင်းသာယာသပ်ရပ်ပြီး အမှိုက်ကင်းစင်သည့် မြို့နယ်တစ်ခုအဖြစ်လည်းကောင်း၊ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်သည့်အပြင် ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်သည့် ဒေသတစ်ခုအဖြစ်လည်းကောင်း သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများအဖြစ် နောက်ဖေးလမ်းကြား သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

ထို့ပြင် ဒေသခံပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်ရေရရှိရေးအတွက် ရေပိုက်လိုင်းများသွယ်တန်းခြင်း၊ လမ်းမကြီးများ ဝဲ/ယာရှိ အုပ်ဆိုင်းနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း အလင်းဖွင့်ခြင်းနှင့် လမ်းမကြီးများတစ်လျှောက် အမြင်မတင့်တယ်သည့် ရှုပ်ထွေးနေသော ဝိုင်ဖိုင်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ အချက်အချာကျသော ကျောက်တံတားမြို့နယ်တွင် ရပ်ကွက်ပေါင်း ကိုးရပ်ကွက်၌ လူဦးရေနှစ်သောင်းကျော် နေထိုင်လျက်ရှိသည်။ အဆိုပါမြို့နယ်သည် ရှေးဟောင်းသာသနိကအဆောက်အအုံများနှင့် ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံများစွာ တည်ရှိရာနေရာဖြစ်သောကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အဓိက လာရောက်လည်ပတ်ကြသည့် ထင်ရှားသော မြို့နယ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။



**ရှင်းခန့်အောင်**

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် ရေဘေးကယ်ဆယ်ရေး၊ ဆန်ရိက္ခာလှူဒါန်း၊ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်မည်၊ ကျန်းမာရေး၊ ဥပဒေရေးရာ၊ ကာကွယ်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၊ ပြန်လည်ခေါ်ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နေပြည်တော်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မိုးလေဝသ၊ အားကစားနှင့် မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## ရေဘေးကယ်ဆယ်ရေး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်းနှင့် ပလောက်မြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ထားဝယ်မြစ်ရေနှင့် ပလောက်ချောင်းရေ မြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် လမ်းများအတွင်း ရေဝင်ရောက်မှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ပါသည်။ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းများက ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းတို့ကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

## ဆန်ရိက္ခာလှူဒါန်း

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ (APTERR) အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအားထောက်ပံ့ရန် လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အောက်တိုဘာ ၂ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

## မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်မည်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် လာမည့် သီတင်းကျွတ်ပွဲတော် (အဖိတ်နေ့နှင့် လပြည့်နေ့)တို့၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်း စသည့် နေရာသုံးနေရာခွဲ၍ လွှတ်တင်မည်ဖြစ်ပြီး မီးပုံးပျံများတွင် ငွေပဒေသာပင် ချိတ်ဆွဲ၍ ပုံသကူပစ်သည့် အစီအစဉ်နှင့် အညာဒေသထွက် အစားအစာများကို နွားလှည်းပေါ်တွင် ရောင်းချပေးသည့် ပွဲတော်အစီအစဉ်များ ပါဝင်မည်ဖြစ်ပါသည်။

## ကျန်းမာရေး

အထည်ဖြတ်စက်ဖြင့် မတော်တဆထိခိုက်မိ၍ ဘယ်ဘက်လက်ညှိုး ပြတ်တောက်သွားခဲ့သည့် အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ လက်ညှိုးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ခွဲစိတ်ခန်း၌ ပြန်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဈေးကွက်အတွင်း ရောင်းချနေသည့် ဆရာကြီးဦးတင်အေး၏ ကချင်အမှတ်တံဆိပ် သွေးတိုးကျလေနှင်ဆေး၊ လေးပါးရာဇာ သွေးတိုးပျောက်ဆေးကြီး၊ ရှင်း သွေးတိုးကျဆေးနှင့် ရွှေမင်းသား အားတိုးဆေးမှုန့်တို့သည် မှတ်ပုံတင်နှင့် လိုင်စင် စည်းကမ်းများ လိုက်နာထားခြင်းမရှိသဖြင့် အများပြည်သူသုံးစွဲခြင်းမပြုရန် ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် အသိပေးနှိုးဆော်ထားသည်။

## ဥပဒေရေးရာ

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် AI Model Version 1 ၌ ဥပဒေအမေးအဖြေပေါင်း ၁၃၀၀၀၀ ကျော် ထည့်သွင်းလေ့ကျင့်ထားပြီး အများပြည်သူ သုံးစွဲနိုင်ရန် မကြာမီ မိတ်ဆက် (Launching) ပြုလုပ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ပြောကြားခဲ့သည်။

## ကာကွယ်ရေး

KNU၊ KNLA နှင့် PDF ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ကမမောင်း-ဖာပွန်သွားကားလမ်းမကြီးပေါ်ရှိ ဆင်စွယ်ကျေးရွာအား တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်၍ စက်တင်ဘာ ၂၈ ရက်တွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိခဲ့သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ပခုက္ကူမြို့နယ် ရေနံမြေနယ်မြေများအတွင်း တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်း ၁၃၁ နေရာနှင့် ရေနံချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းခဲ့သည်။

## စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

မုန်တိုင်းငယ်အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စက်တင်ဘာ ၂၈ ရက်မှစတင်ကာ ယာယီပိတ်ထားခဲ့ရသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းအနက် ကျောင်းပေါင်း ၅၅ ကျောင်းကို အောက်တိုဘာ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် အနီးဝန်းကျင်တွင် ငဝန်မြစ်ရေကျဆင်းသွားသဖြင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်သင်ကြား၊ ကုသပေးလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

## ပြန်လည်ခေါ်ဆောင်ရေး

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်မှုများဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်း၌ စက်တင်ဘာ ၂၈ ရက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မလေးရှားမှ ပြန်လည်ထွက်ခွာခဲ့ပါသည်။

## လမ်းပန်းဆက်သွယ်ရေး

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း (၃၄၂ ဒသမ ၇၅ မိုင်) ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများနှင့် သံလမ်းများ ပြုပြင်နေမှုအခြေအနေများကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်၌ ရှင်းလင်းဖြေကြားခဲ့ပြီး လက်ရှိတွင် မိုးကောင်း-မြစ်ကြီးနားနှင့် မိုးညှင်း-မြစ်ကြီးနား ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

## နေပြည်တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်အတွင်း မြို့ဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်ရေးလုပ်ငန်းခွင်၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်မည့်နေရာနှင့် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၃ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## မိုးလေဝသ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အောက်တိုဘာ ၁ ရက် ထုတ်ပြန်ချက်အရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုဖြစ်စဉ် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်ပြီး လာမည့်ဆောင်းရာသီနှင့် နွေရာသီတို့တွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ကြရန် အသိပေးထားပါသည်။

## အားကစား

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသော အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာ Esports အသင်းက အင်ဒိုနီးရှားအသင်းကို လေးပွဲပြတ်ဖြင့် အနိုင်ရရှိကာ မြန်မာ့ Esports သမိုင်းတွင် အာရှအဆင့် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးခဲ့ပါသည်။ ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုဖြင့် နိုင်ငံအလိုက် အဆင့် (၂၂) တွင် ရပ်တည်နေပါသည်။

## မှုခင်း

စက်တင်ဘာ ၂၈ ရက် သတင်းထုတ်ပြန်ချက်အရ အကြမ်းဖက်အုပ်စု CRPH နှင့် NUG တို့၏ ငွေကြေးကောက်ခံရာ Peoples Revolution Supply Family (PRF) Website သို့ WavePay၊ NUG Pay နှင့် SDB ဘဏ်တို့မှတစ်ဆင့် ငွေကြေးထောက်ပံ့ပေးပို့ခဲ့သူ ၂၇၀၀ ကျော်အနက်မှ တရားခံ ၂၁ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအတိုင်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် NUG နှင့် PDF အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်က လူမှုကွန်ရက်မှတစ်ဆင့် Shwe Nadi အလှကုန်များနှင့် ကျောက်မျက်ရတနာများကို ရောင်းချရာတွင် ပြည်တွင်း၌ ကူညီဆောင်ရွက်ပေးခဲ့သူ လင်းမင်းအောင်အား စက်တင်ဘာ ၂၁ ရက်တွင် ပြည်မြို့၌ လည်းကောင်း၊ နေလင်းဦးနှင့် အခြားဆက်စပ်သူများကို စက်တင်ဘာ ၂၄ ရက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ကွင်းတစ်ဆက်တည်း မိုးစပါးစံပြကွက် ဧက ၁၀၀ စုပေါင်းရိတ်သိမ်းမှုနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**တောင်ငူ အောက်တိုဘာ ၄**

တောင်ငူမြို့နယ် ရှားရားကုန်းကျေးရွာ၌ CAPI စနစ်ဖြင့် စံကွက်ရိတ်သိမ်းမှု မှတ်တမ်းတင်ခြင်းနှင့် တစ်ကွင်းတစ်ဆက်တည်း မိုးစပါးအကွက်ကျယ် စံပြကွက် ဧက ၁၀၀ စုပေါင်းရိတ်သိမ်းခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိုးစပါးအပြီး သီးထပ်စိုက်ပျိုးရန်အတွက်ဆီထွက် ပဲပုပ်မျိုးစေ့နှင့် စားဖိုဆောင်သီးနှံမျိုးစေ့များ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ တက္ကသိုလ်အတွက် အားကစားပစ္စည်းများနှင့် တက္ကသိုလ်စာကြည့်တိုက်အတွက် သုတရသစာအုပ်များ ဝယ်ယူနိုင်ရေးထောက်ပံ့ငွေများ ပေးအပ်၍ စာတွေ့၊ လက်တွေ့ သင်ကြားရေးဆောင်များနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဒေါ်ခင်နှင်းဦး၏ ဥစားကြက်ကောင်ရေ ၂၀၀၀၀ မွေးမြူထားရှိမှု၊ ကေတုမတီရေးဟောင်းကျုံးမြောက်ဘက်၌ ဆလံချောပြုလုပ်နေမှုနှင့် ထီးလှိုင်လမ်းမှ တောင်ငူတက္ကသိုလ်သို့ ဆက်သွယ်ထားသည့် ၁၅ ပေအကျယ် ကတ္တရာလမ်းအား ၂၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေးမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ရေး အောက်တိုဘာ ၄**

မွန်ပြည်နယ် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က အထက(အစင်)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အထက(အစင်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မို့မို့က အမှာစကားပြောကြားပြီး Grade-11 ကျောင်းသူ လေးဦးက လူငယ်နှင့် ဘဝရည်မှန်းချက်၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တို့ကာကွယ်၊ လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့် သဘာဝဘေးဒဏ်ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ပါဝင်ဆွေးနွေးသူများအပြင် အမှတ်(၃၉) မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူးကြီး မျိုးမင်းထွဋ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမိုးအောင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးကိုကိုတို့က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ပါဝင်ဆွေးနွေးသူများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ဆုများ ချီးမြှင့်ပေးကြကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**



# မုံရွာမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မုံရွာ အောက်တိုဘာ ၄**

စစ်ကိုင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မုံရွာ - ရေဦးကားလမ်း မိုင်တိုင် ၇၈/၁ တွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါမိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တိုင်းဒေသကြီး အဆင့် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တမာ ၉၅ ပင်၊ မည်စည်ပင် ၈၀၊ ဥဩနဲ့ပင် ၃၀၊ မန်ကျည်း ၂၅ ပင်၊ တပေဘူတပင် ၂၀ စုစုပေါင်းပျိုးပင် ၂၅၀ တို့ကို စုပေါင်းစိုက်ပျိုးပေးသည်။

အလားတူ မုံရွာမြို့နယ်အတွင်းရှိ အခြားလမ်းဘေးဝဲ၊ ယာ စုစုပေါင်းနေရာ ရှစ်ခုတွင် မည်စည်၊ တမာ၊ စိန်ပန်း၊ တပေဘူတ၊ ပန်းမဲဇလီ စုစုပေါင်း ပျိုးပင် ၆၃၂ ပင်ကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တပေဘူတ၊ စိန်ပန်း၊ စစ်ပင်၊ ကျွန်း၊ မဲဇလီ၊ တမာ၊ ကုက္ကို သစ်မျိုးများဖြင့် စုစုပေါင်း ၈၈၇ ပင်ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၄**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်း ဆုံးရှုံးမှု၊ အမြဲတမ်းမသန်စွမ်းမှု(ငွေလုံး) ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးလူမှုဖူလုံရေးတိုင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံမှ အာမခံအလုပ်သမား ဦးသူထူးစံအား အလုပ်တွင်ထိခိုက်မှု ၄၀ ရာခိုင်နှုန်း၏ ၇ နှစ်စာအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၃၃၈၆၈၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




# မင်းလှမြို့နယ် စစ်ကွင်းမြို့အဝင်လမ်းဘေး ဝဲ/ယာ၌ အရိပ်ရ မန်ကျန်ရှားပျိုးပင် ၁၀၀ စိုက်ပျိုးထားရှိ



**မင်းလှ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လမ်းဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီတွင် စစ်ကွင်းမြို့အဝင်လမ်းဘေး ဝဲ/ ယာ၌ နှစ်ရှည်ပင်နှင့် အရိပ်ရပင် မန်ကျန်ရှားပျိုးပင် ၁၀၀ စိုက်ပျိုးထားရှိသည်။

စိုက်ပျိုးထားရှိသည့် ပျိုးပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ သေပင် ရှင်ပင်စစ်ဆေးခြင်း၊ သေပင်များအစားထိုးစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ကျိုက်မရောမြို့နယ်၌ ကျေးရွာတွင်း အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော အောက်တိုဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြည်နယ်ဦးစီးမှူးက မှာကြားသည်။

အဆိုပါ နတ်စမ်းကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်ရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉၉၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ဘရာဇီးနိုင်ငံ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားနှင့် သမ္မတဟောင်း ဘော်လ်ဆိုနာရို၏ သားအကြီးဆုံး ဖလာဗီယိုဘော်လ်ဆိုနာရိုတို့ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိ





**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၄**

ဘရာဇီးနိုင်ငံ၌ သမ္မတ ရွေးကောက်ပွဲကျင်းပလျက်ရှိရာ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားနှင့် သမ္မတဟောင်း ဘော်လ်ဆိုနာရို၏ သားအကြီးဆုံး ဖလာဗီယိုဘော်လ်ဆိုနာရိုတို့ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

ရွေးကောက်ပွဲ ပထမအဆင့်ကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပခဲ့သည်။

လူလာဒါဆေးလ်ဗား၏ လက်ရှိသက်တမ်းမှာ မကြာမီ ကုန်ဆုံးတော့မည်ဖြစ်သည်။

သမ္မတရာထူးအတွက် ကိုယ်စားလှယ်လောင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော လူထုသဘောထားစစ်တမ်းတစ်ခုအရ မေးမြန်းခံရသူများအနက် ၄၂ ရာခိုင်နှုန်းက လူလာဒါဆေးလ်ဗားကို ထောက်ခံကြပြီး ၃၈ ရာခိုင်နှုန်းကမူ လက်ယာယိမ်းဝါဒီ ဖလာဗီယိုဘော်လ်ဆိုနာရိုကို ထောက်ခံကြောင်း သိရသည်။

လူလာဒါဆေးလ်ဗားက လုပ်ခလစာကွာဟချက်များကို ပြုပြင်ရန်နှင့် နိုင်ငံတကာအင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခွင့်မပြုဘဲ နိုင်ငံ၏အချုပ်အခြာအာဏာ ထိန်းသိမ်းရန်တို့ကို ထောက်ခံအားပေးသူဖြစ်သည်။

ဖလာဗီယိုဘော်လ်ဆိုနာရိုက အခွန်လျှော့ချရေးနှင့် လုံခြုံရေးဆိုင်ရာအစီအမံများ ပိုမိုအားကောင်းလာစေရေးတို့ကို တိုက်တွန်းလုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် တောင်းဆိုထားသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့နှင့် ဘရာဇီးနိုင်ငံအနေဖြင့် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ၎င်းက ဆန္ဒရှိသူဖြစ်သည်။

ထရမ့်အစိုးရအဖွဲ့က အနောက်ကမ္ဘာခြမ်းကို ဦးစားပေးဆောင်ရွက်နေချိန်တွင် ကိုလံဘီယာနှင့် ပီရူးနိုင်ငံတို့၌ သမ္မတရွေးကောက်ပွဲ အနိုင်ရရှိခဲ့ကြသည့် လက်ယာယိမ်းဝါဒီများသည် အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေလျက်ရှိသည်။

အကယ်၍ ဘရာဇီးသမ္မတရွေးကောက်ပွဲတွင် လက်ယာယိမ်း ကိုယ်စားလှယ်လောင်းတစ်ဦး အနိုင်ရရှိခဲ့ပါက တောင်အမေရိကဒေသအတွင်း ထရမ့်အစိုးရအဖွဲ့၏ ဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်နိုင်ရန် အထောက်အကူပြုနိုင်ဖွယ်ရှိသည်။

အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မဲရုံများ ပိတ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် မဲရေတွက်ခြင်း လုပ်ငန်းစဉ်ကို စတင်မည်ဖြစ်သည်။

ပထမအဆင့်တွင် ကိုယ်စားလှယ်လောင်း တစ်ဦးဦးက မဲအများစုကို ရရှိခြင်းမရှိပါက မဲအများဆုံးရရှိထားသည့် ကိုယ်စားလှယ်လောင်း နှစ်ဦးအကြား အဆုံးအဖြတ်ပေးမည့် ဒုတိယအဆင့်ရွေးကောက်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




## ထိုင်းနိုင်ငံ၌ လူဝင်မှုကြီးကြပ်ရေး အပလီကေးရှင်း အကောင်အထည်ဖော်ဆောင်ရွက်

**ဗန်ကောက် အောက်တိုဘာ ၄**

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဗျူရိုသည် ပြည်ပခရီးသွားများ နိုင်ငံအတွင်းဝင်ရောက်မှုလွယ်ကူစေရေးအတွက် (THIM) ခေါ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အက်ပလီကေးရှင်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပြည်ဝင်ခွင့်ဆိုင်ရာလုပ်ငန်းများ လွယ်ကူစေရေးနှင့် ပြည်ပခရီးသွားများ ထိုင်းနိုင်ငံအတွင်း တည်းခိုနေထိုင်ရာတွင် ချောမွေ့စေရေးအပြင် ယခုနှစ်တွင် ပြည်ပခရီးသွား ၃၃သန်းအား နိုင်ငံအတွင်းလာရောက်ရေး ရည်မှန်းချက်ကို အောင်မြင်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားများ အများအပြားလာရောက်ခြင်းဖြင့် လေဆိပ်များနှင့် နယ်စပ်ဂိတ်များတွင်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ်တွင် ဖိအားများရှိလာခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရိုကော်မရှင်နာ ရဲဒုတိယဗိုလ်ချုပ်ကြီး ပါနူမတ်ဘွန်ယာလက် က ပြောကြားသည်။ လူဝင်မှုကြီးကြပ်ရေးဗျူရိုအနေဖြင့် ပြည်ပခရီးသွားများအား လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင် အချိန်ကြာမြင့်ခြင်းကိုလျှော့ချရန်ရည်ရွယ်ပြီး လုပ်ငန်းဆောင်ရွက်ရန် စုစုပေါင်း အချိန်စက္ကန့် ၄၀ သာ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရို ဒုတိယကော်မရှင်နာ ရဲမှူးချုပ်ပရတ်ချယာ ပရာဆန်ဆွတ်က ပြောကြားသည်။ အဆိုပါအပလီကေးရှင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပြီးပြည့်စုံသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလမ်းပြမြေပုံ၏ မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိတွင် THIM စနစ်၌ ဒစ်ဂျစ်တယ်ဆိုက်ရောက်မှုမှတ်ပုံတင်စနစ်ကို ပေါင်းစပ်ထည့်သွင်းထားပြီး ခရီးသွားများအနေဖြင့် ခရီးမစတင်မီ အွန်လိုင်းမှတစ်ဆင့် မိမိတို့၏အချက်အလက်များကို ပေးပို့နိုင်ပြီဖြစ်သည်။ နောက်ဆက်တွဲအဆင့်များတွင် တန်းစီစနစ်အတွက် ရက်ချိန်းရယူခြင်း၊ ဗီဇာသက်တမ်းတိုးခြင်း၊ ရက်ပေါင်း ၉၀ နေထိုင်မှု အခြေအနေသတင်းပို့ခြင်း၊ နေထိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းနှင့် ရောက်ရှိဗီဇာ လျှောက်ထားခြင်း စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်လာစေရန် ယခုစနစ်ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **VN Express**

## အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတင်ဂါရာပြည်နယ်ရှိ Rinjani တောင်သို့ တက်ရောက်ရာ ဆီနာရုလမ်းကြောင်း ပြန်လည်ဖွင့်လှစ်



**ဂျကာတာ အောက်တိုဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတင်ဂါရာ ပြည်နယ်ရှိ Rinjani တောင်သို့ တက်ရောက်ရာ ဆီနာရုလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း Rinjani တောင် အမျိုးသားဥယျာဉ်ဌာနက ပြောကြားခဲ့သည်။

အဆိုပါ လမ်းကြောင်းကို တောမီးလောင်ကျွမ်းမှုကြောင့် ပိတ်သိမ်းခဲ့သည်။

မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ ဘေးကင်းလုံခြုံမှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စနေနေ့တွင် အဆိုပါလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဥယျာဉ်တာဝန်ရှိသူ အက်စတီကီတာ အာဒီဆီတိုက ပြောကြားခဲ့သည်။

မီးငြိမ်းသတ် ပြီးစီးကြောင်း အတည်ပြုချက်ရရှိပြီး တောင်တက်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကို စစ်ဆေးပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တောင်တက်သူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် စာရင်း ပေးသွင်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆီနာရုလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်လိုက်ခြင်းနှင့် အတူ Rinjani တောင်ပေါ်ရှိ တောင်တက်လမ်းကြောင်း ငါးခုစလုံး ပြန်လည်လည်ပတ်နေပြီ ဖြစ်ကြောင်း၎င်းက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၂ ရက်က Torean အပန်းဖြေရေးယာရှိ Setampol တောင်ကုန်းတွင် စတင်ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် စက်တင်ဘာ ၂၉ ရက်အထိ ဧရိယာဟက်တာ ၁၀၉၈ ခန့် ထိခိုက်ပျက်စီးခဲ့ပြီး မီးပြန်လည်လောင်ကျွမ်းမှုမရှိစေရေးအတွက် ဒရုန်းဖြင့် စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

## ယီမင်နိုင်ငံရှိ ဟူသီတပ်ဖွဲ့က ရီယာ့ဒ်မြို့တော်ရှိ ဆော်ဒီအစိုးရပိုင် ရေနံကုမ္ပဏီတစ်ခုကို အောင်မြင်စွာ တိုက်ခိုက်

**ဆာနား အောက်တိုဘာ ၄**

ယီမင်နိုင်ငံရှိ ဟူသီတပ်ဖွဲ့က ရီယာ့ဒ်မြို့တော်ရှိ ဆော်ဒီအစိုးရပိုင် ရေနံကုမ္ပဏီတစ်ခုကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ဆော်ဒီမြို့တော်ရှိ ကုမ္ပဏီပိုင် အဆောက်အအုံတစ်ခုအနီးတွင် မီးခိုးများ ထွက်ပေါ်နေကြောင်း သတင်းများ ထွက်ပေါ်လာချိန်တွင် ဟူသီတို့က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ဒုံးကျည်များနှင့် ဒရုန်းများအသုံးပြု၍ တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ပစ်မှတ်ထားသည့်နေရာများတွင် မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံရှိ ဆော်ဒီအစိုးရ၏ ထောက်ခံမှုရရှိထားသော ကြားဖြတ်အစိုးရကို ဆန့်ကျင်သည့် တိုက်ခိုက်မှုများကို အီရန်၏ ထောက်ခံမှုရရှိထားသော ဟူသီတို့က အရှိန်မြှင့်တင်လုပ်ဆောင်နေချိန်တွင် ယခုဖြစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဟူသီတို့သည် Bab el-Mandeb ရေလက်ကြားဝန်းကျင်ရှိ နယ်မြေများအထိ ၎င်းတို့၏ထိန်းချုပ်နယ်မြေကို တိုးချဲ့ထားသည်။ အဆိုပါရေလမ်းကြောင်းသည် ဟော်မုဇ်ရေလက်ကြားကို အစားထိုးလမ်းကြောင်းတစ်ခုအဖြစ် အသုံးပြုနိုင်သည့် ပင်လယ်နီဝင်ပေါက်တွင် တည်ရှိသည်။ အဆိုပါလုပ်ဆောင်ချက်ကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက် မတည်မငြိမ်ဖြစ်လာနိုင်မည်ကို စိုးရိမ်မှုများ မြင့်တက်လာစေခဲ့သည်။

အောက်တိုဘာ ၂ ရက်က ဟူသီတို့ ပစ်ခတ်ခဲ့သော ဒုံးကျည်များကို ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်းသို့ မရောက်ရှိမီ ကြားဖြတ်ဟန့်တား ဖျက်ဆီးနိုင်ခဲ့ကြောင်း ဆော်ဒီအစိုးရပိုင် မီဒီယာများက ဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် ဆော်ဒီအာရေဗျနိုင်ငံသည် လာမည့်ရက်သတ္တပတ်များအတွင်း ဟူသီတို့ကိုဆန့်ကျင်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ရီယာ့ဒ်မြို့တော်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် အဆိုပါစစ်ဆင်ရေးကို ပံ့ပိုးကူညီသွားမည်ဟု သတင်းများအရ သိရသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံက Bab el-Mandeb ရေလက်ကြား ဝန်းကျင်ဒေသကို အဓိကထားတိုက်ခိုက်ခြင်း သို့မဟုတ် ယီမင်နိုင်ငံအတွင်း နေရာဒေသအများအပြားတွင် တိုက်ခိုက်မှုများ ပါဝင်သည့် ပိုမိုကျယ်ပြန့်သော ထိုးစစ်ဆင်တိုက်ခိုက်ခြင်း စသည့်နည်းလမ်းများကို စဉ်းစားသုံးသပ်လျက်ရှိကြောင်း သိရသည်။

ဆော်ဒီအစိုးရနှင့် ဟူသီအဖွဲ့အကြား စစ်ရေးတင်းမာမှုများ မြင့်တက်လာခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တိုးပွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# စားသုံးဆီအမျိုးအစားများနှင့် ပြည်သူလူထုကျန်းမာရေး

ဒေါက်တာအောင်ညွန့်ပိုင်

မြန်မာတို့၏ နေ့စဉ်စားသောက်မှု လူနေမှုဘဝတွင်"ဆီ"သည် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ "ဆီစိမ်မုန့်၊ ဆီပြန်ဟင်း" ဟူသော စကားအတိုင်း ဆီကို လက်ကြားယိုအောင် စားသုံးတတ်သည့် အလေ့အထသည် မြန်မာ့ယဉ်ကျေးမှုတွင် အမြစ်တွယ်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ထိုအလေ့အထ၏နောက်ကွယ်တွင် ပြည်သူလူထု သတိမပြုမိဘဲ ခံစားနေရသည့် ရောဂါဝေဒနာများနှင့် အသက်အန္တရာယ်များစွာရှိနေသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က အစဉ်တစိုက် သတိပေးနှိုးဆော်လျက်ရှိသည်။

လတ်တလော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးတိုးခြင်းနှင့် ဆီးချိုရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများ (Non-Communicable Diseases - NCDs) ကြောင့် သေဆုံးရသူအရေအတွက်သည် စုစုပေါင်းသေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာကြောင်း သိရသည်။ ထိုသို့ဖြစ်ပွားရခြင်း၏ အဓိကတရားခံများထဲတွင် "စားသုံးဆီကို မှားယွင်းစွာ ရွေးချယ်စားသုံးခြင်း"က ထိပ်ဆုံးမှပါဝင်နေသည်။ ထို့ကြောင့် မိမိနှင့် မိမိမိသားစု အသက်အန္တရာယ်ကင်းဝေးစေရန်အတွက် စားသုံးဆီများတွင်ပါဝင်သည့် အဆီအမျိုးအစားသုံးမျိုး၏သဘာဝနှင့် ကောင်းကျိုး၊ ဆိုးကျိုးများကို သေချာစွာ သိရှိနားလည်ထားရန် လိုအပ်လှသည်။

**၁။ မပြည့်ဝဆီ (Unsaturated Fats) - "ကျန်းမာရေးကို အထောက်အကူပြုသောအဆီ"**

စားသုံးဆီများတွင် အခြေခံအားဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်ပြီး ကျန်းမာရေးအရအဆင့်မြင့်တင်ပေးနိုင်သည့်အဆီကို "မပြည့်ဝဆီ" ဟု ခေါ်ဆိုသည်။ ပြည်သူများအနေဖြင့် ဤအဆီအမျိုးအစားကို ပိုမိုတိုးမြှင့် စားသုံးသင့်သည်။

မပြည့်ဝဆီသည် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော သွေးတွင်းအဆီဓာတ် (HDL - High-Density Lipoprotein) ကိုမြင့်တက်စေပြီး မကောင်းသော သွေးတွင်းအဆီဓာတ် (LDL - Low-Density Lipoprotein) များကို လျှော့ချပေးသည်။ နှလုံးရောဂါဖြစ်နိုင်ခြေနှင့် အမျိုးအစား (၂) ဆီးချိုရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို သိသိသာသာ လျော့နည်းစေသည်။



ပြည့်ဝဆီ



မပြည့်ဝဆီ

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ သံလွင်ဆီကဲ့သို့သော အပင်မှရသည့်ဆီများနှင့် ငါးများမှရသော အဆီ (Omega-3 fatty acids) တို့တွင် မပြည့်ဝဆီ အများဆုံးပါဝင်သည်။

**၂။ ပြည့်ဝဆီ (Saturated Fats) - "အတန်အသင့်သာ စားသုံးသင့်ပြီး လျှော့ချရမည့်အဆီ"**

ပြည့်ဝဆီသည် အလွန်အကျွံစားသုံးပါက ခန္ဓာကိုယ်အတွင်း ကျန်းမာရေးဆိုးကျိုးများကို မသိမသာ သယ်ဆောင်လာတတ်သဖြင့် တတ်နိုင်သမျှ လျှော့စားသုံးရန် လိုအပ်သည်။ ပြည့်ဝဆီများကို လိုအပ်သည်ထက် ပိုမိုစားသုံးပါက ခန္ဓာကိုယ်အတွင်း မကောင်းသောသွေးတွင်းအဆီဓာတ် (LDL) များ လွန်ကဲစွာမြင့်တက်လာစေသည်။ သွေးတွင်းအဆီဓာတ်မြင့်တက်လာခြင်းကြောင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံများတွင် အဆီများကပ်ငြိကာ သွေးကြောများ ကျဉ်းမြောင်းလာခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည်။

စားအုန်းဆီ၊ တိရစ္ဆာန်မှရသောအဆီများ (ဝက်ဆီ၊ အမဲဆီ)၊ ထောပတ်နှင့် ဆီကြော်မုန့်အမျိုးအစားများတွင် ပြည့်ဝဆီများ အများဆုံးပါဝင်သည်။

> ပြည့်ဝဆီသည် အလွန်အကျွံစားသုံးပါက ခန္ဓာကိုယ်အတွင်း ကျန်းမာရေးဆိုးကျိုးများကို မသိမသာသယ်ဆောင်လာတတ်သဖြင့် တတ်နိုင်သမျှ လျှော့စားသုံးရန် လိုအပ်သည်။ ပြည့်ဝဆီများကို လိုအပ်သည်ထက် ပိုမိုစားသုံးပါက ခန္ဓာကိုယ်အတွင်း မကောင်းသောသွေးတွင်းအဆီဓာတ် (LDL) များ လွန်ကဲစွာမြင့်တက်လာစေသည်။ သွေးတွင်းအဆီဓာတ်မြင့်တက်လာခြင်းကြောင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံများတွင် အဆီများကပ်ငြိကာ သွေးကြောများကျဉ်းမြောင်းလာခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်

**၃။ အသွင်ပြောင်းဆီ- "လုံးဝရှောင်ကြဉ်ရမည့် အဆိပ်အတောက်ဆီ"**

အသွင်ပြောင်းဆီဆိုသည်မှာ အစားအသောက်များ ပုပ်သိုးမသွားဘဲ ရေရှည်အထားခံရန်၊ အရသာပိုမိုကောင်းမွန်စေရန်နှင့် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ပေါင်းစပ်ထည့်သွင်းထားသော အဆီဖြစ်သည်။ ၎င်းသည် ကျန်းမာရေးအတွက် "အဆိပ်အတောက်"သဖွယ် အန္တရာယ်အရှိဆုံးဆီဖြစ်သည်။

၎င်းသည် ပြည့်ဝဆီထက်ပင် ပိုမိုဆိုးရွားပြီး ခန္ဓာကိုယ်အတွင်း သွေးတွင်းဆီ (Triglycerides) များကို ပိုမိုမြင့်တက်စေသည့်အပြင် ကောင်းမွန်သော အဆီဓာတ် (HDL) ကိုပါ ကျဆင်းစေသည်။ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုများ ဖြစ်ပေါ်စေခြင်း၊ အမျိုးအစား (၂) ဆီးချိုရောဂါဖြစ်ပွားစေခြင်း၊ နှလုံးသွေးကြောပိတ်၍ ရုတ်တရက်အသက်ဆုံးရှုံးစေခြင်းနှင့် နောက်ဆက်တွဲ ဆိုးကျိုးများစွာကို ခံစားရစေသည်။ အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ဘီစကွတ်၊ ကြက်ဥလိပ်၊ မာဂျရင်း (Margarine) နှင့် စက်ရုံထုတ်မုန့်မျိုးစုံတို့တွင် အသွင်ပြောင်းဆီများပါဝင်သည်။

**စားသုံးဆီနှင့်ပတ်သက်၍ ပြည်သူများ လိုက်နာရန် အကြံပြုချက်-**

- မပြည့်ဝဆီ (မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ) ကို ဦးစားပေး ရွေးချယ်စားသုံးပါ။
- ပြည့်ဝဆီ (စားအုန်းဆီ၊ တိရစ္ဆာန်အဆီ၊ ထောပတ်) ကို တတ်နိုင်သမျှ လျှော့ချပါ။
- အသွင်ပြောင်းဆီ (အာလူးကြော်၊ ကြက်ကြော်၊ စက်ရုံထုတ်မုန့်များ) စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- ဆီပြန်ဟင်းများနှင့် ဆီကြော်မုန့်များ စားသုံးမှုကို မိသားစုအလိုက် လျှော့ချပါ။
- ဝယ်ယူရာတွင် စားသောက်ကုန်တံဆိပ်ပေါ်ရှိ အာဟာရတန်ဖိုး (Nutrition Facts) တွင် အသွင်ပြောင်းဆီ သုညရာခိုင်နှုန်းပါဝင်မှုကို စစ်ဆေးပါ။

**စားသုံးဆီမှားယွင်းမှုကြောင့် ဖြစ်ပွားတတ်သောရောဂါဆိုးများ**

စားအုန်းဆီနှင့် အသွင်ပြောင်းဆီများကို ရေရှည်စားသုံးခြင်းသည် ခန္ဓာကိုယ်ကို တဖြည်းဖြည်းချို့ယွင်းလာစေပြီး အောက်ပါရောဂါဆိုးများကို ဖိတ်ခေါ်ရာရောက်သည်။

**နှလုံးသွေးကြောကျဉ်းရောဂါ (Coronary Heart Disease)**

မကောင်းသောအဆီများ သွေးကြောအတွင်း စုပုံလာသောအခါ နှလုံးသို့ သွေးစီးဆင်းမှုပိတ်ဆို့ပြီး ရုတ်တရက်နှလုံးရပ်ခြင်း (Heart Attack) ဖြစ်ကာ အသက်ဆုံးရှုံးနိုင်သည်။

**လေဖြတ်ခြင်း(Stroke)**

ဦးနှောက်သို့သွားသော သွေးကြောများအတွင်း အဆီပိတ်ဆို့ခြင်း သို့မဟုတ် သွေးကြောပေါက်ခြင်း စသည်တို့ကြောင့် ကိုယ်တစ်ခြမ်းသေခြင်း၊ စကားမပြောနိုင်တော့ခြင်း စသည့်ဝေဒနာများကို ရေရှည်ခံစားရနိုင်သည်။

**အမျိုးအစား (၂) ဆီးချိုရောဂါ (Type 2 Diabetes)**

အသွင်ပြောင်းဆီများသည် ခန္ဓာကိုယ်၏ အင်ဆူလင်ဟော်မုန်းတုံ့ပြန်မှုကို ပျက်စီးစေသဖြင့် သွေးတွင်းသကြားဓာတ်ကို မထိန်းချုပ်နိုင်ဘဲ ဆီးချိုရောဂါ ဖြစ်ပွားစေသည်။

**ကျန်းမာသောလူနေမှုဘဝသို့ မည်ကဲ့သို့ ကူးပြောင်းမည်နည်း**

မိမိတို့၏ နေ့စဉ်ချက်ပြုတ် စားသောက်မှုပုံစံကို အနည်းငယ်ပြောင်းလဲရုံမျှဖြင့် ဤအန္တရာယ်များမှ ကာကွယ်နိုင်ပါသည်။

ဟင်းချက်ရာတွင် ဆီပြန်ဟင်းများအစား ဆီနည်းနည်းဖြင့်ချက်ပြုတ်ခြင်း နည်းလမ်းများကို အသုံးပြုပါ။

တစ်ခါကြော်ပြီးသားဆီကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုခြင်း(တစ်ကျော့ပြန်ဆီ) သည် အသွင်ပြောင်းဆီ (Trans Fat) ကို ပိုမိုထွက်ရှိစေသဖြင့် လုံးဝမပြုလုပ်သင့်ပါ။

စက်ရုံထုတ် အသင့်စားမုန့်များအစား လတ်ဆတ်သော အသီးအနှံများ၊ အခွံမာသီးများကို သရေစာအဖြစ် စားသုံးပါ။

မိမိတို့ နေ့စဉ်စားသုံးနေသည့် ဆီအမျိုးအစားသည် မိမိတို့၏အသက်အန္တရာယ်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့ချပြီး အသွင်ပြောင်းဆီများကို လုံးဝရှောင်ကြဉ်ကာ မပြည့်ဝဆီများကိုသာ စနစ်တကျရွေးချယ်စားသုံးခြင်းဖြင့် မိမိနှင့် မိမိမိသားစုဝင်များကို ဆိုးရွားလှသော နှလုံးရောဂါ၊ လေဖြတ်ရောဂါဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**အကိုးအကားများ**


World Health Organization (WHO). Healthy diet fact sheets. (Accessed based on WHO guidelines).

MAYO CLINIC. Dietary fats: Know which types to choose. (Accessed based on Mayo Clinic clinical standards).

Ministry of Health (MoH), Myanmar. National Guidelines for Non-Communicable Diseases (NCDs) Prevention and Control.

Harvard T.H. Chan School of Public Health. The Truth About Fats: Bad and Good.


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# လှိုင်ကော်လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



လှိုင်ကော် အောက်တိုဘာ ၄

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ လှိုင်ကော်လေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကယားပြည်နယ် အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါလေဆိပ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အရေးကြီးပုဂ္ဂိုလ် နားနေဆောင် (၆၈ ပေ x ၃၆ ပေ x ၁၅ ပေ) RC တစ်ထပ် တည်ဆောက်နေမှု၊ ဆက်စပ်လုပ်ငန်းများဖြစ်သည့် ရေစင်၊ ရေစုကန်၊ မိလ္လာကန်၊ ယာဉ်ရပ်နားရန်နေရာ၊ အတွင်းအုတ်ခြံစည်းရိုး၊ ကွန်ကရစ်လမ်း တည်ဆောက်နေမှုနှင့် မြေယာအလှပြုပြင်နေမှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် သီရိမင်္ဂလာဈေးသစ် (တတိယပိုင်း) Steel Structure တစ်ထပ်ဈေးရုံ ၁၄ ရုံ တည်ဆောက်နေမှု၊ Steel Structure နှစ်ထပ်ဈေးရုံ လေးရုံ တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့က လုပ်ငန်းပိုင်းအလိုက် စဉ်ဆက်မပြတ် စစ်ဆေးရန်၊ မီးဘေးအန္တရာယ် လုံခြုံရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဈေးရုံအတွင်းရှိ ဆိုင်ခန်းများနှင့် ပုံကျဈေးအတွင်းရှိ သားငါးတန်းများတွင် ဒေသခံပြည်သူများ ရောင်းဝယ်ဖောက်ကားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဟသ်ာတ အောက်တိုဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာရဲမြင့်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့်အတူ ဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းပြီး တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်မှုကြောင့် ယာယီပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်လျက်ရှိသော ရေကြည်မြို့နယ် ငါးသိုင်းချောင်း တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံများသို့ ရောက်ရှိပြီး လူနာများအားကြည့်ရှုအားပေးကာ ဆေးစတိုတွင်အရေးပေါ်နှင့် အခြေခံဆေးဝါးများ အလုံအလောက် ပြန်လည်ဖြည့်တင်းထားရှိနိုင်ရန်၊ အရေးပေါ်ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လတ်တလောပြုပြင်နေစဉ်အတွင်း အရေးပေါ်ခွဲစိတ်လူနာများအား အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးနိုင်ရေး လူနာတင်ယာဉ်များ စီစဉ်ပေးပြီး လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် လေးမျက်နှာမြို့နယ် အမှတ်(၁)ရပ်ကွက်၌ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးမှူး(၄) သင်တန်းသားများက ရေဝင်နစ်မြုပ်ခဲ့သော ရေထွက်ပင်ရင်းများအား ကလိုရင်းဆေးခတ်ခြင်း အပါအဝင် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ကလိုရင်း သုံးကြိမ်ခတ်ထားပြီးသော ရေထွက်ပင်ရင်းများမှ ကျပန်းစနစ်ဖြင့် ကောက်ယူထားသော ရေနမူနာများ၏ ကလိုရင်းအကြွင်းစစ်ဆေးခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# စက်တင်ဘာလအတွက် မီတာဖတ်ရှုမှု၊ ဓာတ်အားဖြန့်ဖြူးထားမှုနှင့် ဓာတ်အားလိုင်းများ ရွှေ့ပြောင်းနိုင်မည့်အခြေအနေ ကွင်းဆင်းစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၄

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်သည် ဓာတ်အားပျောက်ဆုံးမှုများပြားသည့် မြို့နယ်တစ်ခုဖြစ်သဖြင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ စိစစ်ဖော်ထုတ်အရေးယူရန်၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးကို အလေးထားဆောင်ရွက်ရန်၊ ဓာတ်အားခကြွေးကျန်များ ပြည့်ဝစွာ ကောက်ခံရရှိရေး၊ ရပ်၊ ပျက်၊ နှေး မီတာများကို စနစ်တကျလဲလှယ်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရွှေပေါက်ကံမြို့နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ကွင်းဆင်းစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မင်းရဲကျော်စွာလမ်းမတစ်လျှောက် ဓာတ်အားဖြန့်ဖြူးထားမှု၊ လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသည့် ဓာတ်အားလိုင်းများအခြေအနေ၊ ရွာသာကြီးစီးပွားရေးဇုန်ကျေးရွာ... ရွာသာကြီးစီးပွားရေးတက္ကသိုလ် ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် ဖီဒါတစ်ခုချင်းအလိုက် မီတာဖတ်ရှု ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရွှေပေါက်ကံမြို့ လျှပ်စစ်မန်နေဂျာရုံးနှင့် မော်ကျွန်း ဓာတ်အားခွဲရုံတို့၏ ဓာတ်အားလေလွင့်ပျောက်ဆုံးမှု၊ ဓာတ်အားခကြွေးကျန်အခြေအနေ၊ ဖီဒါတစ်ခုချင်းအလိုက် ဓာတ်အားဖြန့်ဖြူးထားမှု၊ မီတာဖတ်ရှုထားမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ကြံ့ခိုင်မှုရှိစေရန် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ကြိုတင်စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် မြောက်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် သုဓမ္မာလမ်းမ တစ်လျှောက် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသည့် ဓာတ်အားလိုင်းများ ရွှေ့ပြောင်းနိုင်မည့် အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(YESC)ထံမှ သိရသည်။

သတင်းစဉ်

# ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

ရေကြည် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ ဆင်းဧကရီစိုက်/ထုတ်သမဝါယမအသင်းမှ ရေကြီးနစ်မြုပ်သည့် အသင်းသားတောင်သူအစုအဖွဲ့များ၏ လယ်မြေများ၌ စပါးပြန်လည်စိုက်ပျိုးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက ကွင်းဆင်းကြည့်ရှုအားပေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ရေမြုပ်လယ်ဧက ၁၅၀ တွင် စပါးစိုက်ပျိုးသည့် ၈၄ ဧကအား လူမှုစီးပွားမြှင့်တင်ရေး(သက်တံ့ရောင်)စီမံကိန်းမှ တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် အထူးချေးငွေအဖြစ် မျိုးဝယ်ယူရန်အတွက် အသင်းသားတောင်သူ အစုအဖွဲ့အား ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

အောင်လံ အောက်တိုဘာ ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲနှင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က စီမံကိန်းရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ခေတ်မီစံပြကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်းရန်ပုံငွေပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလှရွှေက ကျေးလက်စီးပွားမြင့်မားရေးထူထောင်ခြင်း လုပ်ငန်းစီမံကိန်းရန်ပုံငွေ ပေးအပ်သည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ပြုလုပ်ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးကြသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# စေတနာ

သိပ္ပံမောင်ဝ

နယ်ပိုင်မောင်လူအေးသည် ယခုအခါတွင် ကြေးတိုင်ဘက်သို့ ပြောင်းသွားပြီဖြစ်သောကြောင့် ကြေးတိုင် မောင်လူအေး ဖြစ်သွားလေပြီ။ နယ်ပိုင်အလုပ်နှင့် ကြေးတိုင်အလုပ်တို့မှာ မည်သို့ကွာခြားသည်ကို စောင့်စား၍ ကြည့်ကြဦးစို့။

မောင်လူအေးသည် ဘွားဒွေးကြီး၏လက်အောက်တွင် ကြီးပြင်းလာရသောကြောင့်လားမသိ။ အဘိုးကြီး၊ အမယ်ကြီးများကို တွေ့မြင်လျှင် ခင်မင်လေ့ရှိလေသည်။ နယ်ပိုင်ဘဝတုန်းက တောရွာများသို့ နယ်လှည့်ထွက်သောအခါများတွင် အဘိုးအို၊ အမယ်ကြီးတို့နှင့် တွေ့ရမြင်ရ နှုတ်ဆက်ရပါ၏။ သို့ရာတွင် နယ်ပိုင်အလုပ်တွေမှာ များပြားလှသောကြောင့် ကြာကြာစကားမပြောနိုင်။ အသိမိတ်ဆွေ မဖြစ်နိုင်ပေ။ တစ်ရွာတစ်ရွာတွင် တစ်ညဉ့်အိပ်သာလျှင် တည်းခိုလေ့ရှိ၏။ အလုပ်ကိစ္စများ ပြီးစီးသွားပြန်လျှင်လည်း အဘိုးအို၊ အမယ်ကြီးများနှင့် စကားမပြောအား။ အခြားရွာသို့သွားကာ အမှုကိစ္စများကို ဆောင်ရွက်ရပေသေးသည်။

ကြေးတိုင်ဘက်တွင်ကား ဤသို့မဟုတ်ပြီ။ တစ်ရွာတစ်ရွာရောက်မှဖြင့် ရွက်ထည်ရုံထိုးကာ ၉ ရက်၊ ၁၀ ရက် စသဖြင့် စခန်းချ၍ နေရလေသည်။ နံနက်ခင်းတွင် ကွင်းစစ်၊ နေ့ခင်းတွင် စာရင်းစစ်ပြီးလျှင် လုပ်ဖွယ်ကိစ္စ မရှိတော့ပြီ။ ညနေခင်း ညဉ့်ဦးအခါများတွင် ရွာသားများနှင့် ထွေရာလေးပါး စကားတို့ကို ပြောဆိုနိုင်လေသည်။ ဤနည်းအားဖြင့် သူကြီးမင်း၊ ဆယ်အိမ်ခေါင်း၊ သမာဓိ၊ ကော်မတီမှစ၍ ရွာထဲတွင် ရှိသမျှသော ရွာသားများနှင့် ခင်မင်၍ သွားလေ့ရှိလေသည်။ ဤကား ကြေးတိုင် မောင်လူအေး၏ အလုပ်ပေတည်း။

တစ်ရံရောအခါ ပျံချီဆိုသော ရွာကလေး၏ နောက်ဖေးကုန်းတန်းကလေးပေါ်ရှိ ညောင်ချဉ်ပင်တစ်ပင်အောက်တွင် ရွက်ထည်တဲကို ထိုးကာ မောင်လူအေးတို့လူစု စခန်းချ၍ နေကြလေသည်။ ထိုလူစုတွင် ပါဝင်သူတို့၏အကြောင်းကို အနည်းငယ်ရေးသားလိုသေး၏။ မောင်လူအေး၏ စခန်းစာရေးတို့ကား မောင်ဟန်စိန်နှင့် မောင်အုံးပွင့်တို့တည်း။ နယ်ပိုင်လုပ်စဉ်က တောလိုက်စာရေးကား မောင်ဖျန်စိန်၊ ကြေးတိုင်ဘက်ရောက်သောအခါ စခန်းစာရေးကား မောင်ဟန်စိန်၊ ကာရန်ပဲ ကိုက်သေးတော့။ နာမည်တွင်သာ ကာရန်ညီသည် မဟုတ်သေး။ သူတို့နှစ်ယောက်စလုံး တရုတ်ကပြားချည်းပင်။ ရှေးအကျိုးဆက် အတော်ပင်ထူးသည်ဟု တွေးတောမိလေတော့သည်။

အခြားတပည့်များ၏ အမည်တို့ကို နားထောင်ပါဦး။ စခန်းပြာတာကား မောင်ထွန်းကျင်၊ စာပို့ပြာတာကား မောင်ထွန်းရှိန်၊ မောင်လူအေး ကိုယ်ပိုင် တပည့်ကား မောင်ထွန်းဖေ။ သို့နှင့် မောင်လူအေး၏စခန်းတွင် ထွန်းသုံးလုံး တစ်ပြိုင်နက်ထွန်းကားပြီးလျှင် ထွန်းလင်းတောက်ပလျက်နေကြကုန်၏။ သူတို့သုံးယောက်စလုံး စနေသားချည်းပင်။ ထွန်းသုံးထွန်းပေါင်းသော် သောင်းကျော်မည့်အရေးကိုလည်းကောင်း၊ ဂငယ်သုံးခု ဥဿျှစ်ထုဟူသော ရာဇဝင်သင်္ကေတနှင့်အညီ ထွန်းသုံးထွန်းစုလျှင် စခန်းပုသွားမည့်အရေးကိုလည်းကောင်း တွေးလိုက်တိုင်း စိုးရိမ်မကင်းဖြစ်မိ၏။

တစ်ခုသောနံနက်ခြောက်နာရီအချိန်တွင် လယ်မြေများကို အယုတ်အလတ်အမြတ်ခွဲခြားရန် လေးဦးသော သမာဓိတို့နှင့်အတူ မောင်လူအေး၊ စာရေး မောင်ဟန်စိန်တို့သည် ကွင်းဆင်း၍သွားကြကုန်၏။ အဆိုပါ လေးဦးသော သမာဓိတို့အနက် သုံးဦးမှာ ခပ်ငယ်ငယ်၊ ခပ်လည်လည်၊ ခပ်ညာညာ၊ ခပ်ဝါဝါများ ဖြစ်ကြလေသည်။ သို့ရာတွင် မိမိနယ်ပိုင်လုပ်စဉ်က တွေ့မြင်ခဲ့ရသော အင်းသားကြီးတို့လောက်ကား အညာ၊ အလှိုင်း၊ အလိမ်၊ အကောက် မကောင်းလှပေ။ ကျန်တစ်ဦးသော သမာဓိကား အသက် ၆၀ ကျော်ပြီ။ ခါးကုန်းကုန်း၊ ပခုံးပေါ်နံငယ်တစ်ထည်ကို တင်ထား၏။ အင်္ကျီကိုကားမဝတ်နိုင်ရှာပေ။ ထိုသမာဓိ အဘိုးကြီးကား ညာခြင်း၊ ဝါခြင်းမရှိ။ အမှန်အတိုင်း ပြောဆိုလေ့ရှိသောကြောင့် မောင်လူအေး၏မျက်စိက တန်းမှန်းမိလေသည်။ သူ၏အမည်ကား ဦးသာရတည်း။

ကွင်းစစ်ပြီး၍ စခန်းသို့ပြန်လာသောအခါ လမ်းတွင် မောင်လူအေးနှင့် ဦးသာရတို့မှာ လေပေးဖြောင့်လျက်လာကြလေသည်။ ဦးသာရ၌ သားသမီးခြောက်ယောက် ထွန်းကားရာ နှစ်ယောက်မှာ ငယ်ငယ်ကတည်းကပင် သေဆုံးသွားပြီဖြစ်၍ လေးယောက်သာ ကျန်တော့၏။ ထိုလေးယောက်သော သားသမီးတို့မှာလည်း အသီးသီးအိမ်ထောင်ရက်သားကျပြီးလျှင် သားတွေ၊ သမီးတွေနှင့်ဖြစ်နေကြသောကြောင့် အဖေ ဦးသာရနှင့် အမေအို ဒေါ်စီလိတို့အား မကြည့်ရှုနိုင်ရှာကြချေ။ အမြဲနှလုံးသွင်းထားသောသူ ဖြစ်သောကြောင့် မိမိတို့၏ သားသမီးများ မိမိတို့အား မကြည့်ရှုသည်ကို ဝမ်းလည်းမနည်း၊ သူတို့ကို အားမကိုးပေ။

ရွာ့မြောက်ဘက် မြေလွတ်မြေလပ်ကလေးတစ်ကွက်ကို ခုတ်ပြီးလျှင် ဥယျာဉ်တောင်ယာကလေးလုပ်ကိုင်စားသောက်နေသည်မှာ လေး၊ ငါး၊ ခြောက်နှစ်ကြာလေပြီ။ ထိုတောင်ယာမှထွက်သော သစ်ဥတို့ကိုရောင်းကာ အဘိုးအို၊ အမယ်ကြီးတို့ နှစ်ယောက်သား စားသောက်နေရရှာ၏။ ထမင်းဝရုံသာရ၏။ အဝတ်အစားဝတ်ရန်ကား မပို။ သူတကာက သနား၍ပေးသော အဝတ်အစားတို့ကိုသာလျှင် အရှက်လုံရုံ ဝတ်စားရပေသည်။ ချမ်းတုန်းအချိန်များတွင်ကား ခိုက်ခိုက်တုန်၊ ခြုံစရာကလည်း စောင်မရှိ။ မိုးတွင်းအခါတွင် ပိုးလောင်းကောင်၊ ခြင်အများ ဝိုင်းအုံကာ ကိုက်ခဲကြခြင်းကို ခံကြရရှာ၏။

မိမိတို့ပိုင်နက်ဖြစ်သော ဥယျာဉ်တောင်ယာကလေးအတွက် ကျအပ်သော အခွန်တော်သုံးကျပ်ကို မပျက်ပင်ကြိုးစားကာ ဆောင်ရှာပေသည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ်က တိုက်စာရေးကိုယ်တော်မြတ်က အဘယ်ကြောင်းကြောင့်မသိ။ ဦးသာရ မလုပ်မကိုင်မခုတ်မထွင်သော မြေကိုပါထည့်သွင်း၍ အခွန်စည်းကြပ်သောကြောင့် အခွန်တော် ၁၈ ကျပ်ကျလေပြီ။ ဦးသာရတို့လင်မယား အကျပ်ကြုံတော့၏။ အခွန်တော် မဆောင်နိုင်။ အကျိုးကား ထိုယာကလေးကို အစိုးရပြန်၍သိမ်းလိုက်လေတော့သတည်း။ မကြာမီ နှင်စာလာ၏။ အခြားနေစရာကလည်း မြေမရှိသောကြောင့် ထိုယာတဲမှာပင် ခိုကပ်ကာ နေရရှာပေ၏။ အတန်ကြာလျှင် တရားအစွဲခံရသဖြင့် ဒဏ်ငွေသုံးကျပ် ဆောင်ရလေသည်။ ရွာထဲမှလူများ စု၍ပေးလိုက်သောကြောင့်သာ ထောင်ဘေးမှ ချမ်းသာခွင့်ရလေသည်။

> ❝ လောကတွင်
> ဆင်းရဲလေလေ၊
> ကျေးဇူးသိတတ်လေလေဖြစ်သည်မှာ
> ဓမ္မတာပင်ဖြစ်သည်ဟူ၍လည်း
> တွေးမိ၏။
> ဆင်းရဲသူတို့ကား
> ကိုယ်ချင်းစာတတ်ကြလေသည်။
> ချမ်းသာသူတို့ကား
> ကိုယ်ချင်းမစာတတ်ဟုဆိုလျှင်
> မှားမည်မထင်။ ❞

ဦးသာရ၏ အဖြစ်အပျက်ကို ကြားသိရသော မောင်လူအေးကား သနား၍မဆုံးပြီ။ နေ့တိုင်းပင် အားလပ်သောအခါများတွင် ဦးသာရအား မိမိ၏စခန်းသို့ခေါ်ကာ စကားပြော၏။ လက်ဖက်ရည်သောက်ချိန်တွင် လက်ဖက်ရည်ကိုတိုက်၏။ ထမင်းစားချိန်တွင် ထမင်းကျွေး၏။ လက်ဖက်ရည်တစ်ခွက်၊ ထမင်းတစ်နပ်၊ နှစ်နပ်စာမှာ မောင်လူအေးအတွက် မထူးခြားသော်လည်း ဦးသာရအား ကြေးတိုင်ဝန်ထောက်က လက်ဖက်ရည်တိုက်ကြောင်း၊ ထမင်းကျွေးကြောင်းသတင်းမှာ ရွာထဲတွင် ချက်ချင်းပျံ့နှံ့သွား၏။ ဦးသာရ အိမ်ပြန်သွားသောအခါ သတင်းလာရောက်မေးမြန်းကြသော သူတို့မှာ ပြည့်လျက်နေလေသည်။ ဝန်ထောက် လက်ဖက်ရည်၊ ဝန်ထောက် ထမင်းတို့ကို စားခဲ့ရသော ဦးသာရကြီးမှာ ရွာထဲတွင် အတော်ပင်ထင်ပေါ်ဂုဏ်ရှိ၍ လာလေသတည်း။ ဦးသာရကား မောင်လူအေးအား ကျေးဇူးတင်၍မဆုံးတော့ပြီ။

ပျံချီရွာကလေးတွင် ၉ ရက်၊ ၁၀ ရက်ခန့် စခန်းချပြီးနောက် ရွှေပေါက်ရွာသို့သွားရန် စီမံရပြန်၏။ ဦးသာရကား အတော်ပင်ဝမ်းနည်းရှာပေသည်။ သို့သော် ပျံချီရွာမှ ထွက်ခွာမည့်နေ့တွင် ဦးသာရပေါ်မလာချေ။ အဘယ်ကြောင့်နည်း။ ဝမ်းနည်းသောကြောင့်ပင်လော။ ဂရုမစိုက်သောကြောင့်ပင်လော။ ဦးသာရအား နှုတ်ဆက်ရန် အခေါ်လွှတ်လိုက်ပါလည်း ဦးသာရအိမ်တွင်မရှိပေ။ ရှောင်များနေလေရော့သလားဟု သို့လော သို့လော တွေးတောဒွိဟ မောင်လူအေး၏ စိတ်ထဲတွင်ဖြစ်မိပေ၏။

ညနေခင်း ၄ နာရီ ထိုးသောအခါ မောင်လူအေးတို့ လူစုလည်း ရွှေပေါက်ရွာသို့သွားရန် လှေဆိပ်သို့ ဆင်းကြကုန်၏။ လှေများပေါ်တွင် ပစ္စည်းများတင်ပြီး၍ လှေထဲသို့ မောင်လူအေးဆင်းမည်အလုပ်တွင် ရွာမြောက်ဘက်မှ ဦးသာရကြီးပြေးလာသည်ကို မြင်ကြရလေသည်။ မကြာမီ မောင်လူအေးအနားသို့ရောက်၏။ မောကြီးပန်းကြီးနှင့်ပင်၊ လက်ထဲတွင်လည်း ပုလင်းတစ်လုံး၊ ဘာပုလင်းပါလိမ့်။ ပျားရည်ပုလင်းဖြစ်ပါသည်။ မိတ်ဆွေတစ်ယောက်ထံမှ ငွေတစ်ကျပ်ကို ချေးပြီးလျှင် နံနက်စောစောကပင် ခြောက်မိုင်ခန့်အကွာ ကျောက်ဖျာရွာမှ ငွေတစ်ကျပ်ပေး၍ ဝယ်လာသော ပျားရည်ပုလင်းဖြစ်၏။ ထိုပျားရည်ပုလင်းကို ဝန်ထောက်မင်းအား ကျေးဇူးတင်လှသဖြင့် လက်ဆောင်ပေးရန် ဖြစ်ပါသည်။ သြော်... ဦးသာရ... ဦးသာရ၊ ကျေးဇူးသိတတ်ပါပေ၏။

မောင်လူအေးသည် ဦးသာရ၏ ပျားရည်ပုလင်းကို အသို့လျှင် ယူရက်ပါအံ့နည်း။ ကျေးဇူးသိတတ်စွာနှင့်ပေးသည်ကို မယူဘဲ ငြင်းပယ်လိုက်မည်ဆိုလျှင်လည်း ဦးသာရကြီး စိတ်မကောင်းဖြစ်တော့မည်။ မောင်လူအေး အကျပ်တွေ့တော့၏။ ထိုအကျပ်ထဲမှ လွတ်မြောက်ရန် နည်းတစ်နည်းသာ ရှိလေသည်။

ယင်းကား ဦးသာရ၏ ပျားရည်ပုလင်းကို ယူပြီးလျှင် သူ့အား ငွေသုံးကျပ်ပေးခြင်းပင်တည်း။ ဦးသာရကလည်း ကျေနပ်၊ မောင်လူအေးကလည်း အားရ၍သွားကြလေ၏။ ဤစားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေသော အဘိုးကြီးသည် အစိုးရလခစားဖြစ်သော ဝန်ထောက်အား ပျားရည်လက်ဆောင်ပေးနိုင်လောက်သော စေတနာမှာ ထူးဆန်းပေစွဟူ၍ စိတ်ကူးရင်းနှင့်ပင် ပျံချီရွာမှ ထွက်ခဲ့သတည်း။

နေဝင်ချိန်တွင် ရွှေပေါက်ရွာသို့ ရောက်ကြကုန်၏။ ဦးကျောက်ဒွန်း၏ဥယျာဉ်အတွင်း သရက်၊ ပိန္နဲ၊ ကနစိုးပင်များအောက်တွင် ရွက်ထည်တဲဆောက်ကာ စခန်းချနေကြပြန်၏။ လူသူအရောက်အပေါက်နည်း၍ အလွန်ခေါင်လှသော ကရင်ရွာကလေးဖြစ်သောကြောင့် ဝန်ထောက်မင်းရောက်သည်ကြားလျှင် တစ်ရွာလုံးပင် လာရောက်ကြည့်ရှုကြကုန်၏။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပုလုကွေးလွေး ပုခက်တွင်းကလေးများပင် ပါလေသည်။ တကယ့် ပွဲကြီးကျနေတော့၏။

နောက်တစ်နေ့ နံနက်တွင် သမာဓိလေးယောက်နှင့် မောင်လူအေး ကွင်းဆင်းသွားလေသည်။ ထိုသမာဓိအားလုံးမှာ ရိုးသားသူချည်းဖြစ်သောကြောင့် မြေမျိုးခွဲရာတွင် အမှန်အကန်ရရှုံ့မှုမက လွယ်လည်းလွယ်ကူလှပေ၏။ ထိုသမာဓိ လေးယောက်အနက် အသက် ၆၀ ကျော်ခန့်ရှိ အဘိုးကြီးတစ်ယောက်လည်း ပါလေသည်။ ထိုအဘိုးကြီးအား မောင်လူအေး မျက်စိကျပြန်လေပြီ။ ဤသို့ မျက်စိကျသည့်အတိုင်း ထိုအဘိုးကြီးအား တောင်မေး၊ မြောက်မေးနှင့် တစ်လမ်းတည်း လျှောက်၍ မေးလာခဲ့လေသည်။

အဘိုးကြီး၏အမည်ကား ဦးရွှေလှအောင်ဖြစ်လေသည်။ နာမည်မှာ ရခိုင်နာမည်နှင့် တူသောကြောင့် မေးကြည့်ရာ အသက် ၁၆ နှစ်အရွယ်ကတည်းကပင် ရခိုင်တောင်ရိုးကို ဖြတ်ကျော်လာပြီးလျှင် ဤကရင်ရွာတွင် လာရောက်နေထိုင်ကြောင်း ပြောပြသဖြင့် သိရှိရလေသည်။ ရခိုင်တောင်ရိုးမှ ထွက်လာကတည်းက နေရပ်သို့ တစ်ခါတစ်ခေါက်မျှ ပြန်၍မရောက်တော့ပြီ။ ဤကရင်ရွာကလေးတွင်ပင် လုပ်ကိုင်စားသောက်၍ ကြီးပြင်းလာသူတည်း။ ကရင်စကားကို သွက်သွက်လက်လက်ကြီး ပြောဆိုနိုင်သောကြောင့် ကရင်ပင်ဖြစ်နေလေပြီ။ သို့သော် ရခိုင်စကားကိုကား တစ်လုံးကောင်း၊ နှစ်လုံးကောင်း မှတ်မိပေသေးသည်။

ဦးရွှေလှအောင်ကား ငယ်စဉ်ကပင် သားမယားမယူ၊ လူပျိုကြီးဘဝနှင့်ပင် ပျော်မွေ့လာသူတည်း။ ယခုအခါတွင် သားထောက်သမီးခံမရှိသောကြောင့် မိမိယာကလေးကို ခုတ်ထွင်ကာ တစ်ယောက်တည်း နေထိုင်ရရှာ၏။ မိမိယာမှထွက်သော အသီးအနှံတို့၏တန်ဖိုးမှာ အခွန်ဆောင်လောက်ရုံသာရှိလေသည်။ စားသောက်ရန်ကား ဝေးပေစွ။ သို့ဖြစ်လျှင် ဦးရွှေလှအောင် အဘယ်သို့ စားသောက်နေပါသနည်း။ ကရင်ရွာသူကြီးနှင့် ရွာသားများက စောင်မကြည့်ရှုစောင့်ရှောက်၍ ထားသောကြောင့် အစားအသောက်အတွက် မပူပင်ရရှာပေ။ သို့ရာတွင် ရွာသူရွာသားများမှာလည်း ချမ်းသာကြွယ်ဝသောသူများ မဟုတ်ကြသောကြောင့် အဝတ်အစားအတွက် မနိုင်ကြလေရကား ဦးရွှေလှအောင်တွင် ပုဆိုးတစ်ထည်နှင့် နံငယ်ပိုင်းတစ်ခုသာရှိပေ၏။ သို့အတိဒုက္ခရောက်နေရရှာသော်လည်း မိမိရပ်ထံသို့ပြန်လိုသော ဆန္ဒကား ရှိသေးသည်။ ရခိုင်တောင်ရိုး မိမိရွာကလေးသို့ လေယာဉ်ပျံစီးကာ သွားရောက်ချင်သည်ဟု ရယ်စရာစကားပြောကြားရှာလေသည်။ မည်သူသည် မိမိ၏ချက်မြှုပ်နေရပ်ကို မပြန်ချင်ဘဲ ရှိပါအံ့နည်း။

စာမျက်နှာ ၁၉ သို့ ✪

## ဘာသာစကားသိမှတ်ဖွယ်

# ပြောစကားနှင့် ရေးဟန်ပြောင်းလဲခြင်း

လှသမိန်

မြန်မာဘာသာတွင် ရေးဟန်နှင့် ပြောစကားမှာ တသီးတခြားစီသာဖြစ်ပေသည်။ သို့ရာတွင် စကားအနေအထား၊ ဝေါဟာရ၊ သဒ္ဒါ ပြောင်းလဲသည်မဟုတ်ဘဲ စကားဆက်၊ ကြိယာနောက်ဆက်၊ ဝိဘတ် ပုဒ် စသည်အချို့ကို ရေးဟန်မှ ပြောဟန် ပြောရိုးပြောစဉ်စကားသို့ ပြောင်းလဲပြောခြင်း၊ ပြောဟန်စကားမှ ရေးဟန်စာသို့ ပြောင်းလဲရေးခြင်း စသည်ဖြင့် တစ်ခုမှတစ်ခုသို့ လွယ်ကူစွာ ပြောင်းလဲနိုင်ပေသည်။

လူများသည် မွေးကတည်းကပင် ပြောဟန်စကားလုံးများဖြင့် ပြောဆိုလာခဲ့ကြ၍ ရေးဟန်နှင့် ရေးရသောအခါ ပြောင်းလဲပုံကို မှတ်သားလေ့လာကြရန်လိုပေသည်။ ပြောင်းလဲသောသဘောကို စာဖတ်များရုံနှင့်လည်း လေ့လာမိ၊ ကျက်မိကြသည်ဖြစ်၍ အထူးတလည် ခက်ခဲခြင်းမရှိတတ်ပေ။ စာရေးဟန်ကို တသီးတခြား မလေ့လာလျှင်မူကား ပြောတတ်သည့်အတိုင်း စကားပြောဟန်နှင့်ပင် ရေးသားမိတတ်၍ တည်ငြိမ်သော စာဟန်ပျက်လေသည်။

(စကားတွင် ပြောသူ၏အားမာန်၊ ဆိုလိုသောအလေးအပေါ့၊ ရည်ရွယ်ချက်၊ လေယူလေသိမ်း၊ အသုံးအနှုန်း စသည်တို့မှာ လူတစ်ဦးချင်း၏ အလေ့အထအတိုင်း တစ်ယောက်တစ်မျိုးစီ ကွဲလွဲနိုင်၍ လူအများ၏ ရေးဟန်တစ်ပြေးတည်းနှင့် ညီညွတ်ရန်မလွယ်ကူချေ။ အသံမပါဘဲ ဖတ်ရသည်ဖြစ်၍ ပြောသူ၏ဆိုလိုချက်ကို ဖတ်သူက အပြည့်အဝမရယူနိုင်ပေ။ ဖတ်သူက အသံထား၍ဖတ်သလို အဓိပ္ပာယ်ပြောင်းနိုင်လေသည်။ ထို့ကြောင့် ဆိုလိုရင်းပုံမှန် အများလက်ခံသော စကားလုံးတို့ဖြင့် စာဟန်အတိုင်း တည်ငြိမ်ပြည့်စုံအောင် ရေးသားကြရသည်။

အောက်တွင် ပြောစကားဟန်နှင့် ရေးဟန်ပြောင်းလဲပုံအချို့ကို ဖော်ပြထားသည်။

| ပြောစကား | ရေးစာ |
|---|---|
| ကောင်းတယ် | ကောင်းသည် |
| ကောင်းပါရဲ့ | ကောင်းပေစွ |
| ကောင်းမယ် | ကောင်းမည် |
| ကောင်းမှာပဲ | ကောင်းပေမည် |
| ကောင်းမှာပေါ့ | ကောင်းပေလိမ့်မည် |
| ကောင်းပါကလား | ကောင်းပါတကား |
| ကောင်းတယ်တဲ့ | ကောင်းသည်ဟူ၏ |
| ကောင်းတဲ့ | ကောင်းသည့် |
| ကောင်းမယ့် | ကောင်းမည့် |
| ကောင်းကောင်း | ကောင်းစွာ |
| ကောင်းမှကောင်းရဲ့လား | ကောင်းမှကောင်းပါ၏လော |
| ကောင်းပါရဲ့လား | ကောင်းပါ၏လော |
| ကောင်းချင်သားနဲ့ | ကောင်းချင်လျက်နှင့် |
| ကောင်းချင်ပါရဲ့ | ကောင်းချင်ပါဘိ |
| ကောင်းလို့ | ကောင်းသဖြင့်၊ ကောင်း၍၊ |
| | ကောင်းသောကြောင့် |
| ကျွန်တော်ဟာ | ကျွန်တော်သည် |
| ကျွန်တော့်ရဲ့ ၊ ကျွန်တော့် | ကျွန်တော်၏ |
| ဘယ်သူလဲ၊ ဘယ်သူတုံး | မည်သူနည်း |
| ဘယ်သူဖြစ်ဖြစ် | မည်သူမဆို၊ မည်သူဖြစ်စေ |
| ဘယ်လိုလဲ၊ ဘယ်လိုတုံး | မည်သို့နည်း |
| ဘယ့်နှယ်ကြောင့်လဲ၊ | မည်သို့ကြောင့်နည်း၊ |
| ဘာကြောင့်တုံး | အဘယ်ကြောင့်နည်း |
| ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့တုံး | မည်သို့ဖြစ်၍နည်း |
| | အဘယ်မူ၍နည်း |
| ဘယ်လောက်လဲ၊ | |
| ဘယ်လောက်တုံး | မည်မျှနည်း၊ အဘယ်မျှနည်း |
| ဘာဖြစ်လို့လဲဆိုတော့ | အဘယ်ကြောင့်ဆိုသော်၊ |
| | အကြောင်းမူကား |
| | အကြောင်းကိုဆိုသော် |
| ဒီလိုဆိုရင် | ယင်းသို့ဖြစ်လျှင်၊ သို့တမူကား |
| | ထိုသို့တပြီးကား၊ ယင်းသို့ |
| | မူကား |
| ကျွန်တော့်မှာတော့ | ကျွန်တော့်မှာမူ၊ ကျွန်တော် |
| | မူကား |
| ကျွန်တော်ကတော့ | ကျွန်တော်ကမူ၊ |
| | ကျွန်တော်ကမူကား |
| လူလို့ခေါ်ပါ | လူဟုခေါ်ပါ |
| လူရယ်လို့ခေါ်ပါ | လူဟူ၍ခေါ်ပါ |
| သူ့ကိုပဲ | သူ့ကိုပင် |
| ဒါနဲ့တောင်မှ | သို့နှင့်ပင်လျှင်၊ သို့စင်လျက်၊ |
| | သို့နှင့်လည်း၊ |
| ဒါပေမဲ့ | သို့ရာတွင်၊ သို့စေကာမူ၊ |
| | သို့သော်လည်း |
| ဒီတော့၊ အဲဒီတော့ | ဤတွင်၊ ဤသည်တွင် |
| | ထိုအခါ၊ ထိုတွင် |
| မဟုတ်ဘူး | မဟုတ်ပေ၊ မဟုတ်ချေ၊ |
| | မဟုတ်ပါ |
| ပြီးတော့ | ထို့နောက် |
| ဒီပြင် | ထို့ပြင် |
| ပြီးတော့လဲပဲ | ထိုမှတစ်ပါး |
| တကယ်လို့ | အကယ်၍၊ အကယ်တန္တု |
| ဆိုပါတော့၊ ဆိုပါစို့၊ | |
| ဆိုပါဦးတော့ | ဆိုပါအံ့၊ ဆိုဘိဦး၊ ထားဘိဦး |
| မပြောနဲ့တော့ | မဆိုထားဘိ |
| လာဦး၊ လာပါဦး | လာပါဦး၊ လာဦးလော့၊ |
| | လာဘိဦး |
| ဒါကြောင့်မို့လို့ | ယင်းသို့ဖြစ်၍၊ သို့ဖြစ်၍ |
| ဒီလိုဆိုရင်၊ ဒါဖြင့်ရင် | သို့ဖြစ်လျှင်၊ သို့ဖြစ်သော် |
| စားပေမဲ့ | စားသော်လည်း၊ စားစေကာမူ |
| ယောကျ်ားတန်မဲ့၊ (တန်ပဲ) | ယောကျ်ားစင်လျက်၊ |
| | ယောကျ်ားဖြစ်လျက် |
| ယောကျ်ားမို့လို့ | ယောကျ်ားဖြစ်၍ |
| မသွားဘဲနေပေါ့မလား | မသွားဘဲနေပါအံ့လော |
| သူနဲ့ | သူနှင့် |
| သွားရင် | သွားလျှင် |
| သွားတဲ့အခါ | သွားသည့်အခါ |
| ပြီးတော့ | ပြီးနောက် |
| နောက်ပြီးတော့လည်း | ထိုမှတစ်ပါးလည်း |
| လာပြီးစား | လာ၍စား |
| စားချင်လို့လား | စားချင်၍လော |
| နို့ပြီးတော့ | ထိုမှတစ်ပါး |
| ဒီလိုမှမဟုတ်ရင် | ထိုသို့မျှမဟုတ်လျှင် |
| သူလဲ | သူလည်း |
| ကျွန်တော်ပဲစားမည် | ကျွန်တော်ပင် စားမည် |
| သွားတော့ သွားတယ် | သွားကားသွား၏ |
| သွားပေါ့မလား | သွားပါမည်လား |
| ဒီလူ | ဤလူ |
| သူများ | သူတစ်ပါး |
| ဟိုလူ | ထိုလူ |
| အဲဒီလူ | ယင်းသည့်လူ |
| လူဆိုးမို့ | လူဆိုးဖြစ်၍ |
| လူဆိုးဖြစ်လို့ | လူဆိုးဖြစ်သောကြောင့် |
| ဘာလုပ်ဖို့လဲ | မည်သည့်အတွက်နည်း |
| ဘာဖြစ်လို့ | အဘယ်ကြောင့် |
| ဆိုပါတော့ဆိုပါစို့ | ဆိုပါအံ့ |
| ပြောရဦးမယ် | ဆိုဦးအံ့ |
| အတွက် | အလို့ငှာ |
| အနေနဲ့ | အနေနှင့် |
| သူ့ဆီကို | သူ့ထံသို့၊ သူ့ဆီသို့ |
| ပြောတာဟာ | ပြောသည်မှာ၊ ပြောခြင်းသည် |
| ပြောမယ်ကြံတော့ | ပြောမည်ပြုသော် |
| ဈေးက | ဈေးမှ |
| ပြောပဲပြောပါဦး | ပြောပင်ပြောပါဦး |
| ဘယ်သူဖြစ်ဖြစ် | မည်သူဖြစ်စေ |
| ဘယ်တော့မှ | မည်သည့်အခါကမျှ |
| ဘယ်တုန်းကမှ | မည်သည့်အခါကမျှ |
| ဘယ်လိုမှ | မည်သို့မျှ |
| အဲဒီတုန်းက | ထိုစဉ်က၊ ထိုအခါက |
| လာတုန်းက | လာစဉ်က |
| လာနေတုန်းပဲ | လာနေဆဲဖြစ်သည် |
| ပြောသလို | ပြောသကဲ့သို့၊ ပြောဘိအလား |
| သူလိုပဲ | သူကဲ့သို့ပင်၊ သူနည်းတူပင် |
| အဲဒီလို | ဤကဲ့သို့ |
| မစားပါနဲ့ | မစားပါနှင့် |
| တစ်ယောက်ထဲ | တစ်ယောက်တည်း |
| ဖြစ်သလိုပဲ | ဖြစ်လေဘိသို့ |
| ဖြစ်တဲ့အတိုင်း | ဖြစ်သည့်အတိုင်း၊ |
| | ဖြစ်ဘိသကဲ့သို့ |
| ဒီလိုတော့လည်း | ဤသို့မူကား |
| အဲဒီလိုနဲ့ပဲ | ဤသို့အားဖြင့် |
| ပြောစမ်းပါ | ပြောပါလော့၊ ပြောပါလေ |
| ဘယ်လိုပဲဖြစ်ဖြစ် | မည်သို့ပင်ဖြစ်စေ |

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။

❂ စာမျက်နှာ ၁၈ မှ

ဤသို့ ဆင်းရဲနေသည့်အထဲတွင် လဲရာသူခိုးထောင်းဆိုသည့် စကားပုံအရ ဦးရွှေလှအောင်၏ ဥယျာဉ်ကလေးအတွက် ပြေစာနှစ်ရွက် ထွက်လာလေသည်။ ဦးရွှေလှအောင် အသို့လျှင် ထိုပြေစာနှစ်ရွက်ကို ရွေးနိုင်ပါအံ့နည်း။ အပူမီးလောင်ရှာတော့၏။ သို့သော် စားစရာမရှိစေကာမူ လျှော်စရာကားရှိရမည်။ အခွန်မဆောင်ပြန်လျှင် အမှုရောက်မည်ဖြစ်ခြင်းကြောင့် ရွာသူကြီး ဦးကျားကပင် သူ၏အစား စိုက်၍ ဆောင်လိုက်သောကြောင့် ချမ်းသာခွင့်ရ၍သွားလေသည်။

ဤအကြောင်းကို ကြားသိရသောအခါ မောင်လူအေးလည်း မိမိဝတ္တရားရှိသည့်အတိုင်း အမှန်သို့ရောက်စေရန် ရှင်းလင်း၍ပေး၏။ ဦးရွှေလှအောင်ကား ကျေးဇူးတင်၍ မဆုံးပြီ။ ဦးသာရကြီးကဲ့သို့ပင် မပြတ်မပြတ် မောင်လူအေး၏ ရွက်ထည်တဲရှိရာသို့လာပြီးလျှင် မောင်လူအေးနှင့် ထွေရာလေးပါး စကားစမြည် ပြောလေ့ရှိလေသည်။ တစ်ယောက်နှင့်တစ်ယောက် အကျွမ်းဝင်သွားကြလေသတည်း။

မောင်လူအေးရောက်၍ သုံးရက်မြောက်သော ညနေခင်းတွင် ခပ်ပျင်းပျင်းရှိသည်နှင့် တဲရှေ့ထွက်ကာ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေခိုက် ဦးရွှေလှအောင် ပေါက်၍လာပေ၏။ မောင်လူအေး အနားတွင်ထိုင်ကာ မိမိ၏လုံချည်အိတ်ထောင့်ထဲမှ ကြက်ဥခြောက်လုံးတို့ကို ထုတ်၍ မောင်လူအေးအနားတွင်ချရှာ၏။ မိမိမွေးထားသော ကြက်မကြီး၏ဥများ ဖြစ်လေသည်။ ထိုဥများကို သားဖောက်ရန်ရည်ရွယ်၍ ထားသော်လည်း ယခုမှာကား မောင်လူအေးအား ကျေးဇူးတင်လှသောကြောင့် လာရောက်ကာ လက်ဆောင်ပေးခြင်းဖြစ်လေသည်။

ထိုကြက်ဥများကို အသို့လျှင် မောင်လူအေး ယူရက်ပါအံ့နည်း။ ဦးရွှေလှအောင်ကို သနားမိ၏။ သူ၏ကြက်မကြီးကို ကရုဏာသက်မိလေသည်။ သို့ရာတွင် ဤမျှဆင်းရဲနေသော ဦးရွှေလှအောင်၏ သဒ္ဒါတရားကိုလည်းကောင်း၊ ကျေးဇူးသိတတ်သောတရားကိုလည်းကောင်း မချီးမွမ်းဘဲ မနေနိုင်တော့ပြီ။

လောကတွင် ဆင်းရဲလေလေ၊ ကျေးဇူးသိတတ်လေလေဖြစ်သည်မှာ ဓမ္မတာပင်ဖြစ်သည် ဟူ၍လည်း တွေးမိ၏။ ဆင်းရဲသူတို့ကား ကိုယ်ချင်းစာတတ်ကြလေသည်။ ချမ်းသာသူတို့ကား ကိုယ်ချင်းမစာတတ်ဟုဆိုလျှင် မှားမည်မထင်။

အတိဒုက္ခရောက်နေသော ဦးရွှေလှအောင်က ကျေးဇူးသိတတ်နေလျှင် ဝန်ထောက်မောင်လူအေးက ပို၍ပင် ကျေးဇူးသိတတ်ရပေမည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေနှစ်ကျပ်နှင့် ဦးရွှေလှအောင်အား ကျေးဇူးပြန်ဆပ်ရုံမျှမက သူ၏ကြက်ဥများကိုလည်း ပြန်၍ပေးလိုက်လေသည်။ ဦးရွှေလှအောင်ကား နားမလည်၊ မကျေနပ်။ ဤဝန်ထောက် အဘယ်ကြောင့် မိမိသဒ္ဒါ၍ပေးသော ကြက်ဥများကို ပြန်၍ပေးရသနည်း။ မောင်လူအေးက အကျိုးအကြောင်းကို ပြန်၍ရှင်းလင်းလိုက်သောအခါကျမှ ကျေနပ်သွားလေသတည်း။ ဩော်...မရှိဆင်းရဲသူများ တယ်ကျေးချင်မွေးချင်ရှိပါတကား၊ ကျေးဇူးသိတတ်ကြပေစွ။

**၁၉၃၅ ခုနှစ်၊ မေ၊ ဂန္ထလောက။**

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။
ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

အရင်တစ်ပတ်က Lesson 9: Time and Date (အချိန်နှင့်ရက်စွဲ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ အချိန်နှင့် ရက်စွဲဆိုင်ရာ လေ့ကျင့်ခန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 9: Time and Date (အချိန်နှင့်ရက်စွဲ)

(ယခင်တစ်ပတ်မှအဆက်)

### Exercise 8 — Speaking Practice

A: What day is it today?
B: It is ___________.
A: What is the date today?
B: It is ___________.
A: What time is it?
B: It is ___________.
A: When is your birthday?
B: My birthday is on ___________.
A: What is your favourite month?
B: My favourite month is ___________.

### Exercise 9 -- What time is it?

အချိန်မေးခြင်းနှင့်ပြောခြင်းကို အပြန်အလှန်လေ့ကျင့်ပါ။

A: What time is it?
B: It's ________________. (7 o'clock)
A: What time is it?
B: It's ________________. (8:30)
A: What time is it?
B: It's ________________. (9:15)
A: What time is it?
B: It's ________________. (9:45)

**Practice with these times:**

1. 6:00 → It's six o'clock.
2. 7:15 → It's quarter past seven.
3. 8:30 → It's half past eight.
4. 9:45 → It's quarter to ten.
5. 10:20 → It's twenty past ten.
6. 11:40 → It's twenty to twelve.

### Exercise 10 --- Daily Activities

**"What time do you...?"** ကို အသုံးပြုပြီး နေ့စဉ်ဆောင်ရွက်ချက်များကို မေးမြန်းပါ။

A: What time do you get up?
B: I get up at ________________.
A: What time do you have breakfast?
B: I ________________________.
A: What time do you go to school?
B: I ________________________.
A: What time do you have lunch?
B: I ________________________.
A: What time do you go home?
B: I ________________________.
A: What time do you go to bed?
B: I ________________________.

အောက်ပါမေးခွန်းများကို လေ့ကျင့်ပါ။

- What time do you get up?
- What time do you have breakfast?
- What time do you go to school?
- What time do you have lunch?
- What time do you go home?
- What time do you do your homework?
- What time do you go to bed?

### Exercise 11 --- Talking about Dates

ရက်စွဲနှင့်ပတ်သက်ပြီး အောက်ပါမေးခွန်းများကို လေ့ကျင့်ပါ။

**What's the date today?**
→ It's October $4^{th}$.
**When is your birthday?**
→ It's on May $12^{th}$.
**When is your mother's birthday?**
→ It's on August $20^{th}$.
**When is Christmas?**
→ It's on December $25^{th}$.

**Important Pattern:**

When is + event/person's birthday? (When နဲ့မေးပြီး It is on + date. ဖြင့်ဖြေပါ။)
→ It's on + date.

**Examples:**

- When is your birthday?
→ It's on June $15^{th}$.
- When is your sister's birthday?
→ It's on January $3^{rd}$.
- When is your school anniversary?
→ It's on November $10^{th}$.

**Months Practice**

လနဲ့ပတ်သက်ပြီး အောက်ပါမေးခွန်းများကို လေ့ကျင့်ပါ။

A: What month is it?
B: It's October.
A: What month comes after October?
B: November.
A: What month comes before October?
B: September.
A: What is your favourite month?
B: My favourite month is December.
A: Why?
B: Because I like Christmas.

**My Birthday**

မွေးနေ့နှင့်ပတ်သက်ပြီး အောက်ပါတို့ကို လေ့ကျင့်ပါ။

A: When is your birthday?
B: It's on July $8^{th}$.
A: What day is it this year?
B: It's on Wednesday.
A: How old are you?
B: I'm eight years old.
A: What do you usually do on your birthday?
B: I have a birthday party with my family.

**Making an Appointment**

ချိန်းဆိုမှုနှင့်ပတ်သက်ပြီး အောက်ပါတို့ကို လေ့ကျင့်ပါ။

A: Are you free on Saturday?
B: Yes, I am.
A: Can we meet at 3 p.m.?
B: Sorry, I'm busy at 3 p.m.
A: How about 4 p.m.?
B: Yes, that's fine.
A: Great. See you at 4 p.m.
B: See you then.

### Exercise 12 ---Translate the following sentences into English.

**A. အချိန်ပြောခြင်း**

1. အခု ဘယ်နှနာရီထိုးပြီလဲ။→ What time is it?
2. အခု ခြောက်နာရီထိုးပြီ။→ It's six o'clock.
3. အခု ခုနစ်နာရီခွဲရှိပြီ။→ It's half past seven.
4. အခု ရှစ်နာရီ တစ်ဆယ့်ငါးမိနစ်ရှိပြီ။→ It's a quarter past eight.
5. အခုကိုးနာရီထိုးဖို့တစ်ဆယ့်ငါးမိနစ်လိုတယ်။→It's a quarter to nine.
6. ကျွန်တော် မနက်ခြောက်နာရီမှာ အိပ်ရာထတယ်။→ I get up at six o'clock in the morning.
7. ကျွန်မ မနက်ခုနစ်နာရီမှာ မနက်စာစားတယ်။→I have breakfast at seven o'clock.
8. ကျွန်တော် ရှစ်နာရီမှာ ကျောင်းသွားတယ်။→ I go to school at eight o'clock.
9. ကျွန်မ ညကိုးနာရီမှာ အိပ်ရာဝင်တယ်။→ I go to bed at nine o'clock.

**B. နေ့များအကြောင်း**

10. ဒီနေ့ ဘာနေ့လဲ။→ What day is it today?
11. ဒီနေ့ တနင်္လာနေ့ပါ။→ It's Monday today.
12. မနက်ဖြန် ဘာနေ့လဲ။→ What day is tomorrow?
13. မနက်ဖြန် အင်္ဂါနေ့ပါ။→Tomorrow is Tuesday.
14. မနေ့က ဘာနေ့လဲ။→ What day was yesterday?
15. မနေ့က တနင်္ဂနွေနေ့ပါ။→ Yesterday was Sunday.
16. ကျွန်မ အကြိုက်ဆုံးနေ့က စနေနေ့ပါ။→ My favourite day is Saturday.
17. ကျွန်တော် တနင်္ဂနွေနေ့ကို ကြိုက်တယ်။→ I like Sunday.
18. တနင်္ဂနွေနေ့မှာ ကျောင်းမရှိလို့ပါ။→Because I don't have school on Sunday.

**C. လများနှင့် ရက်စွဲများ**

19. အခု ဘာလဖြစ်ပြီလဲ။→ What month is it?
20. အခု အောက်တိုဘာလပါ။→ It's October.
21. အောက်တိုဘာလပြီးရင် ဘာလလာလဲ။→ What month comes after October?
22. နိုဝင်ဘာလ လာတယ်။→ November comes next.
23. ဒီနေ့ ရက်စွဲက ဘယ်လောက်လဲ။→What's the date today?
24. ဒီနေ့ အောက်တိုဘာလ ၄ ရက်နေ့ပါ။→ It's October $4^{th}$.
25. မင်းမွေးနေ့က ဘယ်နေ့လဲ။→ When is your birthday?
26. ကျွန်တော့်မွေးနေ့က ဇွန်လ ၁၅ ရက်နေ့ပါ။→ My birthday is on June $15^{th}$.
27. မင်းအဖေရဲ့မွေးနေ့က ဘယ်နေ့လဲ။→ When is your father's birthday?
28. သူ့မွေးနေ့က ဩဂုတ်လ ၂၀ ရက်နေ့ပါ။→ His birthday is on August $20^{th}$.

**D. အောက်ပါမြန်မာစာကြောင်းများကို အင်္ဂလိပ်လိုပြောပါ။**

1. အခု ဘယ်နှနာရီထိုးပြီလဲ။
2. အခု ဆယ်နာရီခွဲရှိပြီ။
3. ကျွန်တော် မနက်ခြောက်နာရီမှာ အိပ်ရာထတယ်။
4. ကျွန်မ ရှစ်နာရီမှာ ကျောင်းသွားတယ်။
5. ဒီနေ့ ဘာနေ့လဲ။
6. ဒီနေ့ သောကြာနေ့ပါ။
7. မနက်ဖြန် စနေနေ့ပါ။
8. မနေ့က ကြာသပတေးနေ့ပါ။
9. အခု ဘာလဖြစ်ပြီလဲ။
10. အခု ဒီဇင်ဘာလပါ။
11. ဒီနေ့ ရက်စွဲက ဘယ်လောက်လဲ။
12. ဒီနေ့ ဒီဇင်ဘာလ ၁၀ ရက်နေ့ပါ။
13. မင်းမွေးနေ့က ဘယ်နေ့လဲ။
14. ကျွန်တော့်မွေးနေ့က မတ်လ ၅ ရက်နေ့ပါ။
15. ကျွန်မ ညကိုးနာရီမှာ အိပ်ရာဝင်တယ်။

**Dialogues**

**Time and Dates — Fill in the blanks in dialogues.**

**Dialogue 1 — Asking the Time**

**(welcome / seven o' clock)**

A: Excuse me. What time is it?
B: It's ____________.
A: Thank you.
B: You're ____________.

**Dialogue 2 — Daily Routine**

**(get up / have / go)**

A: What time do you get up?
B: I ____________ at six o'clock.
A: What time do you have breakfast?
B: I ____________ breakfast at seven o'clock.
A: What time do you go to school?
B: I ____________ to school at eight o'clock.

**Dialogue 3 — Days**

**(Monday / Sunday / tomorrow)**

A: What day is it today?
B: It's ____________.
A: What day is tomorrow?
B: ____________ is Tuesday.
A: What day was yesterday?
B: Yesterday was ____________.

**Dialogue 4 — Birthday**

**(on / have / family)**

A: When is your birthday?
B: My birthday is ____________ May $10^{th}$.
A: What do you usually do on your birthday?
B: I usually ____________ a birthday party.
A: Who do you invite?
B: I invite my ____________ and friends.(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၈)

**နီဇော်သစ်**




တစ်ကျော့ပြန် နျူကလီးယားနည်းပညာအဖြစ် ဖျူရှင်နည်းပညာကို ဆွေးနွေးခဲ့သည်မှာ တော်တော်စုံသလောက်ရှိပြီဟု ဆိုနိုင်ပါသည်။ ဖျူရှင်နည်းပညာသည် ထုံးတမ်းစဉ်လာ ဖစ်ရှင်နည်းပညာထက် ဘာတွေသာလဲဆိုလျှင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းထွက်ရှိမှု အလွန်နည်းသည်။ လောင်စာမှာ ယူရေနီယံကို သန့်စင်ရခြင်းမျိုးမဟုတ်ဘဲ ဒူတီရီယံနှင့် ထရစ်တီယံဆိုသည့် ဟိုက်ဒရိုဂျင်အိုင်ဆိုတုပ်နှစ်မျိုးဖြစ်သည်။ ဒူတီရီယံမှာ သမုဒ္ဒရာထဲတွင် ပေါပေါများများရနိုင်သည်။ ထရစ်တီယံမှာ ရှားသော်လည်း ဖျူရှင်လုပ်ငန်းစဉ်ထဲမှာပင် မွေးထုတ်နိုင်သည့် နည်းပညာရှိသည်။ အရေးကြီးဆုံးအချက်မှာ အဆိုပါဖျူရှင်နည်းဖြင့် နျူကလီးယားဗုံး ထုတ်လုပ်နိုင်ခြင်းမရှိသည့်အချက်ပင်။

ရှေ့တွင် တင်ပြခဲ့သလိုပင် ဖျူရှင်မှ လျှပ်စစ်ထုတ်လုပ်ဖို့ဆိုသည်က ယခုတိုင် မရောက်သေးသည့် အဆင့်ဖြစ်သည်။ လက်ရှိအဆင့်မှာ ဖျူရှင်ဖြစ်အောင်လုပ်နိုင်ပြီ။ တစ်နည်းအားဖြင့် နေ၏ ဗဟိုချက်တွင် ဖြစ်ပျက်နေသော သဘောတရားကို မြေကမ္ဘာပေါ်တွင် ဖန်တီးနိုင်ပြီ။ သို့သော် လျှပ်စစ်ထုတ်လုပ်ရန် စွမ်းအင်လုံလုံလောက်လောက် ပေးနိုင်သည်အထိတော့ မလုပ်နိုင်သေး။ ထို့ကြောင့် တိုးတက်မှုမှာ မြေကမ္ဘာပေါ်တွင် ဖျူရှင်ဖြစ်အောင် လုပ်နိုင်ပဲ့မလားဆိုသည့်မေးခွန်းကို လုပ်နိုင်ကြောင်း ဖြေပြီးပြီ။ နည်းနှစ်နည်းဖြင့်လုပ်နိုင်သည်။ သံလိုက်နည်းနှင့် လေဆာနည်း။

ရှေ့ဆက်ရမည့် အနီးဆုံးခရီးမှာ နေထဲတွင် ဖြစ်နေသလို ဖျူရှင်ဖြစ်စဉ်ကို အပြင်မှစွမ်းအင်ထပ်ဖြည့်စရာမလိုဘဲ အဆက်မပြတ်ဖြစ်နေစေဖို့။ ထိုသို့ အဆက်မပြတ်ဖြစ်နေမှသာ အလုပ်ဖြစ်မည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ဖို့ စတင်စဉ်းစား၍ရမည်။ ယခုအချိန်အထိတော့ မည်သည့်နေရာတွင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အထိ စမ်းသပ်နိုင်ခြင်းမရှိသေး။ ဆိုလိုသည်မှာ ဖျူရှင်ဖြစ်စဉ်ကို လုံလောက်သည်အထိ အဆက်မပြတ်ဖြစ်အောင် မလုပ်နိုင်သေး။

ထိုအဆင့်များကို ဖြတ်ကျော်ပြီးတော့မှ စီးပွားဖြစ် ထုတ်လုပ်ဖို့ကိုက်ရဲ့လားဆိုသည့် မေးခွန်းကို ဖြေရမည်။ ဖျူရှင်ဓာတ်ပေါင်းဖိုများ အမှန်တကယ် အသက်ဝင်လာရန်မှာ ထိုမေးခွန်းကို ဖြေနိုင်ဖို့က အရေးကြီးဆုံးဟုထင်သည်။ ထုံးတမ်းစဉ်လာ ဖစ်ရှင် နျူကလီးယားဓာတ်ပေါင်းဖိုများကတော့ အရင်းအနှီးကြီးသည်။ သို့သော် ပျမ်းမျှအားဖြင့် နှစ် ၂၀ မှ ၃၀ အတွင်း အရင်းကျေသည်ဟု အိုင်အေအီးအေက တွက်ချက်ထားသည်။ အရင်းကျေပြီးလျှင် လျှပ်စစ်ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့တို့အောက်လျော့သွားပြီ။ ထို့ကြောင့် ရေရှည်တွင် တွက်ခြေကိုက်ကြောင်း သက်သေပြနိုင်ခဲ့သည်။ သို့တိုင် ဟီရိုရှီးမားနှင့် နာဂါစကီ ဖြစ်စဉ်တို့၏ အရိပ်မည်းကြီးနှင့် ချာနိုဘိုင်း၊ ဖူကူရှီးမားတို့ကဲ့သို့ မတော်တဆဖြစ်ရပ်များက ဖစ်ရှင်နျူကလီးယား ဓာတ်ပေါင်းဖိုတို့ကို အများမကြိုက်ဖြစ်စေပြီး တုံ့ဆိုင်းနေခဲ့သည်။

ယခု ဖျူရှင် နည်းပညာမှာ ထိုကဲ့သို့ ပြဿနာမျိုးမရှိ။ နည်းပညာအရပင် နျူကလီးယားဗုံး လုပ်သည့် နည်းပညာနှင့် ကွဲပြားနေသည်။ ထို့ကြောင့် အရိပ်မည်းမရှိ။ လောလောဆယ်အထိ ဝမ်းနည်းဖွယ်ရာ မတော်တဆဖြစ်ရပ်မျိုးလည်းမရှိ။ စွန့်ပစ်ပစ္စည်းများအတွက်လည်း ပြဿနာဖြစ်နိုင်ခြေနည်းသည်။ ယေဘုယျအားဖြင့် အလားအလာရှိသည်ဟု ဆိုနိုင်သည်။ သိပ္ပံနှင့် နည်းပညာပိုင်းတွင်လည်း တိုးတက်မှုက တော်တော်လေးအလားအလာကောင်းသည်။ ရည်မှန်းချက် တော်တော်များများကို အရောက်သွားထားနိုင်သည်။ သံလိုက်သုံး တိုကာမက်နည်းပညာပိုင်းတွင် တိုးတက်မှုကို ပိုမိုပွင့်ပွင့်လင်းလင်း မြင်နေရပြီး ဖျူရှင်စွမ်းအင်မှ လျှပ်စစ်စွမ်းအင်ပြောင်းဖို့ အပိုင်းကို ရောက်နေပြီ။ ဖျူရှင်စွမ်းအင်ကို လိုသလောက် အဆက်မပြတ်ရရန် အလားအလာကောင်းနေ၍ ထိုသို့ဦးတည်နိုင်ခြင်းဖြစ်သည်။ မရသေးသော်လည်း ရဖို့ဖြစ်တန်ခြေများသည်။ လေဆာနည်း၏ တိုးတက်မှုကိုတော့ သိပ်ပြီးမမြင်ရ။ ဟီလီယွန်နှင့် မိုက်ခရိုဆော့ဖ်တို့၏ အများပြည်သူကို အသိပေးထားသည့် စာချုပ်အရ ၂၀၂၈ ခုနှစ်တွင် လျှပ်စစ် အမှန်တကယ် ထုတ်ရောင်းနိုင်မည်ဟု ဆိုထားသည်။ သို့သော် မသေချာသေး။

ထိုစာချုပ်မျိုး ချုပ်သည်မှာ ဖျူရှင်စွမ်းအင်မှ လျှပ်စစ်စွမ်းအင်ကို ပြောင်းနိုင်သည့်အပြင် စီးပွားဖြစ်လည်းထုတ်နိုင်သည်ဟု ပြောသလိုမျိုးဖြစ်နေသည်။ မျက်မြင်အားဖြင့်တော့ ထိုအဆင့်ကို လောလောဆယ် မည်သူမျှ မရောက်ကြသေးပါ။ ထိုအဆင့်မှာ သိပ္ပံနှင့် နည်းပညာအပြင် စီးပွားရေးလည်း ပါလာသည်။ တစ်နှစ်လျှင် နာရီ ထောင်ပေါင်းများစွာ လည်ပတ်နိုင်ဖို့လိုမည်။ ထိန်းသိမ်းပြုပြင်ရမည့် အစိတ်အပိုင်းများကိုလည်း အစားထိုးတပ်ဆင်နိုင်ရမည်။ စီးပွားရေးအောင်မြင်မှုတစ်ခုဖြစ်လာရန်အတွက် တည်ဆောက်စရိတ်၊ လည်ပတ်စရိတ်၊ ပြုပြင်ထိန်းသိမ်းစရိတ်၊ လောင်စာစနစ်၊ ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ဓာတ်အားပေးစက်ရုံ၏ သက်တမ်းတို့ကိုပါ ထည့်တွက်ရမည်။

ထို့ကြောင့် တည်ဆောက်နိုင်ရမည်။ ကြာရှည်လည်ပတ်နိုင်ရမည်။ ပြုပြင်ထိန်းသိမ်းနိုင်ရမည်။ လျှပ်စစ်ကို ယုံကြည်စိတ်ချစွာထုတ်လုပ်နိုင်ရမည်။ ထိုလျှပ်စစ်ကို သင့်တင့်သော ကုန်ကျစရိတ်ဖြင့် ရောင်းချနိုင်ရမည်။ ထိုအချက်များအားလုံးကို ဖြေရှင်းပေးနိုင်သည့် နည်းပညာကသာ စမ်းသပ်ခန်းထဲမှ ထွက်လာပြီး လျှပ်စစ်ဓာတ်အားပေးစနစ်ထဲသို့ ဝင်ရောက်နိုင်မည်။ သို့ဖြစ်ရာ ဖျူရှင်၏ နောက်ဆုံးပြိုင်ပွဲမှာ ပလာစမာရူပဗေဒတစ်ခုတည်း၏ ပြိုင်ပွဲမဟုတ်တော့။ ရူပဗေဒ၊ အင်ဂျင်နီယာပညာ၊ ဒြပ်ဝတ္ထုသိပ္ပံ၊ ထိန်းချုပ်နည်းပညာ၊ လောင်စာစနစ်နှင့် စီးပွားရေးတို့ ပေါင်းစပ်ထားသည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။

ဖျူရှင်အောင်မြင်ခဲ့ပါကလည်း လူသားတို့၏ စွမ်းအင်ပြဿနာအားလုံးကို တစ်ခါတည်း ဖြေရှင်းပေးမည့်နည်းပညာဟု ဆိုနိုင်မည်မဟုတ်ပါ။ သို့သော် ကာဗွန်ထုတ်လွှတ်မှုနည်းသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အင်အားကြီးမားသည့် နောက်ထပ်ရွေးချယ်စရာတစ်ခု ဖြစ်လာနိုင်သည်။ အထူးသဖြင့် ယနေ့ကမ္ဘာတွင် လျှပ်စစ်လိုအပ်ချက်သည် ဆက်လက်မြင့်တက်နေရာ စက်မှုလုပ်ငန်းများ၊ ဒေတာစင်တာများ၊ လျှပ်စစ်ကားများနှင့် အခြားလျှပ်စစ်သုံးစွဲမှုများ တိုးလာသည်နှင့်အမျှ တည်ငြိမ်ပြီး ပမာဏကြီးမားစွာ ထုတ်လုပ်နိုင်သည့် လျှပ်စစ်ရင်းမြစ်များ၏ အရေးပါမှုလည်း တိုးလာမည်ဖြစ်သည်။ ထိုအခြေအနေတွင် ဖျူရှင်က အမှန်တကယ် စီးပွားရေးအရ အောင်မြင်နိုင်ခဲ့ပါက စွမ်းအင်ကဏ္ဍအတွက် အရေးပါသည့် နည်းပညာအသစ်တစ်ခု ဖြစ်လာနိုင်သည်။ သို့သော် ထိုနေ့မျိုး ဘယ်အချိန်ရောက်လာမလဲ မှန်းဆမရနိုင်သေးပါ။ ကံမကောင်းလျှင် သိပ္ပံစမ်းသပ်မှုတစ်ခုသက်သက်အဖြစ်လည်း တစ်ခန်းရပ်သွားနိုင်သည်။

ဖျူရှင်နည်းပညာတွင် ထူးခြားသည့် အချက်မှာ အီတာလိုမျိုး နိုင်ငံစုံသုတေသနလုပ်ငန်းကြီး ရှိနေခြင်းဖြစ်သည်။ ရှေ့က ထုံးတမ်းစဉ်လာ ဖစ်ရှင်နည်းပညာတွင် နျူကလီးယားနည်းပညာ ပိုင်ဆိုင်နိုင်ဖို့ တစ်နိုင်ငံချင်းစီက သီးခြားလျှို့ဝှက်အားထုတ်ခဲ့ကြရပြီး စပိုင်ဇာတ်လမ်းများပင် ပေါ်ထွက်ခဲ့သည်။ ဖျူရှင်နည်းပညာတွင်တော့ ရောဂါနှင့် ဂေါ်ဘာချော့တို့၏ ကျေးဇူးကြောင့်ဟုပြောရမလား၊ အဓိကအင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ ရုရှား၊ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ နည်းပညာပိုင်းဆိုင်ရာ အပြန်အလှန် မျှဝေဖလှယ်ပြီး တိုးတက်အောင် ကြိုးစားနေကြသည်။ ထို့ကြောင့် အနေးနှင့်အမြန်သာ ကွာမည် ဖျူရှင်နည်းပညာသည် သုတေသနမှာ ပင်လမ်းဆုံးမည့် နည်းပညာမျိုးမဟုတ်ဘဲ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပေါ်ထွက်လာမည်မှာ သေချာသလောက်ရှိသည်။ ထိုသို့ ထွက်ပေါ်လာသည့်အချိန်မှာ လူသားတို့၏ စွမ်းအင်သုံးစွဲမှုသမိုင်းကြောင်းကို တစ်ဆစ်ချိုးပြောင်းလဲမည့် အချိန်ဖြစ်ဖို့လည်း သေချာပါသည်။

---

# အစာအိမ်ကင်ဆာမဖြစ်မီ ကြိုသိနိုင်မည့် နည်းလမ်းတစ်ခုတွေ့ရှိ

လက်ရှိအချိန်တွင် အစာအိမ်ကင်ဆာကို အစောပိုင်းအဆင့်များ၌ သိရှိရပါက ကုသနိုင်သည့် ကုထုံးများရှိနေပြီဖြစ်သလို ယခု သိပ္ပံပညာရှင်များက အစာအိမ်ကင်ဆာမဖြစ်မီ ကြိုသိနိုင်မည့် နည်းလမ်းတစ်ခုကိုပါ ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။

ဂျာမနီနိုင်ငံ ချာရီတဲဆေးတက္ကသိုလ်မှ သုတေသီများသည် အစာအိမ်ကင်ဆာဖြစ်လာမည့် အစောပိုင်းအဆင့် ဆဲလ်ပြောင်းလဲမှုများကို အသေးစိတ်ဖော်ထုတ်ခဲ့သည်။ အဓိကအားဖြင့် အစာအိမ်ထဲတွင် ကြာရှည်နေထိုင်နိုင်သည့် ဟေလီကိုဘက်တာပိုလိုရီ ဗက်တီးရီးယားပိုးကို လေ့လာခဲ့ခြင်းဖြစ်သည်။

ထိုဗက်တီးရီးယားကြောင့် အစာအိမ်ရေရှည်ရောင်ရမ်းမှုဖြစ်လာချိန်တွင် အစာအိမ်အတွင်းရှိ ချိတ်ဆက်ပေးသော ဆဲလ်များနှင့် အစာအိမ်နံရံရှိ ဆဲလ်များအကြား ဆက်သွယ်မှုပြောင်းလဲသွားသည်ဟု သုတေသီတို့ကဆိုသည်။ ထိုပြောင်းလဲမှုက အချက်ပြမှုတစ်ခုကို ထုတ်ပေးပြီး သန္ဓေသားဖွံ့ဖြိုးစဉ်နှင့် ဒဏ်ရာနာကျင်အောင်လုပ်ချိန်တို့တွင်အသုံးပြုသော ‘ပြန်လည်ပြုပြင်ရေး’အစီအစဉ်ကို အသက်သွင်းလာသည်။ ဤနည်းဖြင့် ဆဲလ်များပိုမိုပွားလာပြီး အစာအိမ်ကင်ဆာဖြစ်စေနိုင်သည့် အစောပိုင်းအဆင့်အခြေအနေသို့ ကူးပြောင်းသွားသည်ဟုဆိုသည်။

“ဒီလိုဖြစ်စဉ်မျိုးတွေကို ကျွန်တော်တို့ ဆေးခန်းတွေမှာ မကြာခဏတွေ့နေရပါတယ်။ အဲဒီလို လူနာတွေကလည်း အလွန်ကိုစိုးရိမ်ပူပန်နေကြတာပေါ့။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ ကင်ဆာမဖြစ်ခင် ပြောင်းလဲနေတဲ့ အနေအထားတွေကို ကြိုသိနိုင်ပြီဆိုရင် ကင်ဆာမဖြစ်အောင် ကြိုတင်ကာကွယ်လို့ ရနိုင်ပါလိမ့်မယ်”ဟု လေ့လာမှုကို ဦးဆောင်သည့် ပါမောက္ခ မိုက်ကယ်ဆီဂယ်က ရှင်းပြသည်။

ယခုတွေ့ရှိမှုမှာ ကင်ဆာအကျိတ်မဖြစ်မီ ကင်ဆာဖြစ်နိုင်ခြေရှိကြောင်း ကြိုတင်သိရှိနိုင်ပြီး အခြေခံအကျဆုံး ဗက်တီးရီးယားကို



ပဋိဇီဝဆေးတို့ဖြင့် ကြိုတင်နှိမ်နင်းနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည်။ ကင်ဆာဖြစ်နိုင်ခြေကိုကြိုသိပြီး ကင်ဆာဖြစ်ဖို့ လမ်းကြောင်းပေါ်သွားနေသည့် အခြေအနေတစ်ရပ်ကို ကြိုတင်သိရှိထိန်းသိမ်းနိုင်သည့် လုပ်ငန်းစဉ်ဖြစ်ရာ ကင်ဆာနှိမ်နင်းရေးတွင် ဆန်းသစ်သည့် တွေ့ရှိမှုလည်းဖြစ်သည်။

Ref: scitechdaily

★ **ကျောဖုံးမှ**

ဗိုလ်လုပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြေး ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(A)၌ အမျိုးသား/အမျိုးသမီးကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(C)၌ အမျိုးသားဓားနှစ်လက် အတိုက် (က)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက် (ခ)တန်း၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဗန်တို အတိုက်(က)တန်း၊ အမျိုးသား ဗန်တို အတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက် ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း စံပယ်အားကစားရုံ၌ အလွတ်တန်း သုံးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ ပြိုင်ပွဲကို နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိတပ်နယ် အားကစားခန်းမ၌ ကီလိုတန်း အလိုက်ပွဲစဉ်များ၊ အလွတ်တန်း ပွဲစဉ်များ အသီးသီးယှဉ်ပြိုင် ကစားကြသည်။





အလားတူ ၂၀၂၄ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား အလွတ်တန်းအဆင့် ဘောလုံး ပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယ အဆင့် အုပ်စုပတ်လည်ပွဲစဉ် အဖြစ် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား လေးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ) ကိုယ်စားပြုအသင်းအား တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပြီးဆုံးပြီး ပိတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆ ခုနှစ် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပြီးဆုံးသွားပြီး ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက်က Paloma Mizuho Sports Park ၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားစွာ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကျင်းပရေးအလံကို ၂၀၃၀ ပြည့်နှစ် (၂၁)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကာတာနိုင်ငံထံ လွှဲပြောင်းပေးခဲ့သည်။

အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပခဲ့ပြီး အားကစားနည်း ၄၃ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၆၉ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၀၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ပြီး တရုတ်နိုင်ငံက ရွှေတံဆိပ် ၁၆၉ ခု၊ ငွေတံဆိပ် ၈၉ ခု၊ ကြေးတံဆိပ် ၈၃ ခုဖြင့် နိုင်ငံအလိုက်ဆုရရှိမှုတွင် ထိပ်ဆုံးရပ်တည်ခဲ့သည်။ အိမ်ရှင်ဂျပန်နိုင်ငံက ရွှေတံဆိပ် ၈၃ ခု၊ ငွေတံဆိပ် ၉၅ ခု၊ ကြေးတံဆိပ် ၉၁ ခုဖြင့် ဒုတိယနေရာတွင်ရပ်တည်ခဲ့သည်။



မြန်မာအားကစားအဖွဲ့မှာမူ အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ သုံးမျိုးက ဆုတံဆိပ်ရယူနိုင်ခဲ့သည်။ မြန်မာတက်ဂ်ဘောအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ မြန်မာ Esports အသင်းက ရွှေတံဆိပ်တစ်ခု၊ မြန်မာပိုက်ကျော်ခြင်းအသင်းက ကြေးတံဆိပ်တစ်ခုရရှိပြီး စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့် ၂၄ နေရာ ရပ်တည်နိုင်ခဲ့သည်။ **သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - OCA**

# အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး နည်းပြ/ဒိုင် (မွမ်းမံ) သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၄**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်က ဖွင့်လှစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး နည်းပြ / ဒိုင်(မွမ်းမံ) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူများက အေရိုးဗစ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းဖြင့် သရုပ်ပြကစားကြသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထက်**




❂ **ရန်ကုန်မှ**

ကစားမည်ဖြစ်ကာ ပွဲအားလုံးကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**လာရောက်ကြည့်ရှု**

ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက "အရင်ဆုံး ကျွန်တော်တို့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ခွင့်ရရှိအောင် ကူညီပေးခဲ့ကြသူများအားလုံးနဲ့ လာရောက်ကြည့်ရှုအားပေးကြမယ့် ပရိသတ်တွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့အသင်းဟာ အုပ်စုတွင်း ပြိုင်ဘက်နှစ်သင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီအသင်းတွေမှာလည်း မိမိတို့နဲ့မတူတဲ့ သီးခြားအားသာချက်တွေ အသီးသီးရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ပြိုင်ဘက်ရဲ့ အားသာချက်၊အားနည်းချက်တွေကို သုံးသပ်ပြီး သေချာပြင်ဆင်ပြီးတော့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ အသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ ပတ်သက်လို့တော့ ဒီပြိုင်ပွဲမစတင်မီကတည်းက စနစ်တကျ ပြင်ဆင်လာခဲ့တဲ့ အသင်းနဲ့ပဲ ကစားသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအထဲက ကစားသမားအချို့ ဒဏ်ရာရရှိသွားတာကြောင့် ဒီပွဲမှာ မပါနိုင်ပါဘူး။ သို့သော်လည်း ဒဏ်ရာရသူတွေရဲ့နေရာမှာ အစားထိုးဝင်ရောက်လာတဲ့ ကစားသမားအသစ်တွေဟာ ရရှိလာတဲ့ အခွင့်အရေးကို အကောင်းဆုံးအသုံးချပြီး ကြိုးစားနေကြတာမို့ ယုံကြည်မှုရှိရှိနဲ့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ ကစားသမားတွေအားလုံးရဲ့ အကောင်းဆုံး ကြိုးစားအားထုတ်မှုကို မြင်တွေ့ရတဲ့အတွက် အသင်းအပေါ် အပြည့်အဝ ယုံကြည်မှုရှိပါတယ်" ဟု ပြောသည်။

မြန်မာအသင်းခေါင်းဆောင် ရှင်းသန့်ဖြူစင်ပြုံးက "ကျွန်မတို့အနေနဲ့ကတော့ ပွဲတိုင်းကို အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ ပွဲစဉ်တိုင်းမှာ သုံးမှတ်ရရှိအောင်လည်း အကောင်းဆုံး ကြိုးစားသွားမှာပါ။ အဓိကကတော့ ကျွန်မတို့ နည်းပြပြသတဲ့ နည်းဗျူဟာတွေကို သေချာ လိုက်နာပြီးတော့ ယှဉ်ပြိုင်သွားမှာပါ။ ပြင်ဆင်ချိန် အများကြီးရခဲ့တဲ့အတွက်လည်း စိတ်ဓာတ်ပိုင်းရော၊ ကစားတာရော ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MFF**

○ **မြန်မာ ယူ-၁၇ မှ**

၄၁ မိနစ်တွင် အသင်းခေါင်းဆောင် အောင်မြတ်သာ ကွင်းလယ်စည်းမှ တောက်လျှောက်ဆွဲပြေးကာ ပင်နယ်တီဧရိယာအတွင်း ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ၇၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျန်တီက အိန္ဒိယအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် ကစားသမားများ အတွေ့အကြုံရစေရန် Galaxy အသင်းအမည်ဖြင့် ပြည်တွင်းလူငယ်လိဂ်ဖြစ်သော M-League ယူ-၂၀ လိဂ်တွင် ယှဉ်ပြိုင်နေသည်။

မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင်မြို့ရှိ Star City ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

❖ **MFF မှ**

ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့သည့် SGF Youth အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲမှာပင် ဒုတိယနေရာမှ Victoria အသင်းကို အရေးနိမ့်ခဲ့သဖြင့် ရမှတ်တူသွားပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာသည်။ ပွဲစဉ်(၁၂)တွင် Jullniss အသင်းက TKA Star အသင်းကို ခြောက်ဂိုး - နှစ်ဂိုး၊ Avengers Junior အသင်းက United City အသင်းကို လေးဂိုး - သုံးဂိုး၊ Mahar Burma အသင်းက မာရိန်းအသင်းကို လေးဂိုး - နှစ်ဂိုး၊ Victoria အသင်းက SGF Youth အသင်းကို လေးဂိုး - နှစ်ဂိုး၊ ဘူရှီဒိုအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး FFU မင်းမဟော်အသင်းနှင့် Pacific Sun Far အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၁၂)အပြီးတွင် Victoria အသင်းနှင့် SGF Youth အသင်းက ၃၁ မှတ်စီ၊ Mahar Burma အသင်းက ၂၄ မှတ်၊ FFU မင်းမဟော်အသင်းက ၂၂ မှတ်၊ Avengers Junior အသင်းက ၂၁ မှတ်၊ Pacific Sun Far အသင်းက ရမှတ် ၂၀၊ Jullniss အသင်းက ၁၉ မှတ်၊ United City အသင်းက ၁၈ မှတ်၊ TKA Stars အသင်းက ၁၅ မှတ်၊ ဘူရှီဒိုအသင်းက ခုနစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

## ပေါ်တူဂီရဲ့ အအောင်မြင်ဆုံးကစားသမားအဖြစ် စီရိုနယ်လ်ဒို ဆက်ရှိနေဆဲဖြစ်ကြောင်း ဖာနန်ဒက်စ်ပြောကြား



တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ နော်ဝေအသင်းနဲ့ ပွဲစဉ်မှာ ပွဲထွက်ကစားခွင့်ဆုံးရှုံးခဲ့လို့ အသင်းလေ့ကျင့်ရေးစခန်းကနေ ထွက်ခွာသွားခဲ့ပေမယ့် ပေါ်တူဂီအသင်းရဲ့ အအောင်မြင်ဆုံး ကစားသမားအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ပြောကြားခဲ့ပါတယ်။

အသက် ၄၁ နှစ်အရွယ် စီရိုနယ်လ်ဒိုဟာ ဒိန်းမတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်မှာလည်း ပွဲထွက်ကစားခွင့်ရရှိလိမ့်မည်မဟုတ်ကြောင်း နည်းပြဂျော့ဂျီးဆပ်က ပြောကြားခဲ့ပြီးနောက် လေ့ကျင့်ရေးစခန်းကနေ ထွက်သွားခဲ့တာဖြစ်ပြီး ဒိန်းမတ်အသင်းနဲ့ပွဲစဉ်မှာ ပေါ်တူဂီက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်နဲ့ မန်ယူအသင်းတို့ရဲ့ ကစားသမားဟောင်း စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီလက်ရွေးစင်အသင်းနဲ့အတူ ၂၃၄ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၁၄၆ ဂိုး သွင်းယူပေးခဲ့ပြီး ယူရို ၂၀၁၆ ဖလားတစ်ကြိမ်နဲ့ နေးရှင်းလိဂ်ဖလား နှစ်ကြိမ်ရယူပေးခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိအချိန်မှာ စီရိုနယ်လ်ဒိုရဲ့ နိုင်ငံလက်ရွေးစင် ကစားသမားဘဝ အနာဂတ်ကတော့ မရေရာမသေချာဖြစ်လာခဲ့တာ ဖြစ်ပါတယ်။



## အင်္ဂလန်အသင်းက ခရိုအေးရှားအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ခရိုအေးရှားအသင်းနဲ့ အင်္ဂလန်အသင်းတို့ အောက်တိုဘာ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်မှာ အင်္ဂလန်အသင်းက ခရိုအေးရှားအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူ**

အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ဟယ်ရီကိန်းက နှစ်ဂိုး၊ ဘယ်လင်ဂမ်က တစ်ဂိုး၊ ဂေါ်ဒွန်က တစ်ဂိုး၊ ဆာကာက နှစ်ဂိုး၊ မော်ဂန်ရော်ဂျာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့်မှာ စပိန်အသင်း၊ ခရိုအေးရှားအသင်း၊ ချက်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်နဲ့ အုပ်စုဒုတိယနေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

လက်ရှိမှာ စပိန်အသင်းက အင်္ဂလန်အသင်း၊ ခရိုအေးရှားအသင်းနဲ့ ချက်အသင်းတို့ကို အနိုင်ရရှိထားတာကြောင့် ရမှတ်ကိုးမှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပါတယ်။ စပိန်အသင်းဟာ ချက်အသင်းကို အနိုင်ရရှိခဲ့လို့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်မှာ ရာနှုန်းပြည့်နိုင်ပွဲရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

ခရိုအေးရှားအသင်းကတော့ အုပ်စုအဆင့်သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိထားတာဖြစ်လို့ ရမှတ်သုံးမှတ်နဲ့ အုပ်စုတတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ အင်္ဂလန်အသင်းကို ရှုံးပွဲကြုံခဲ့ပေမယ့် အိမ်ကွင်းနောက်ဆုံး ၄၁ ပွဲမှာ လေးပွဲသာ ရှုံးပွဲကြုံတွေ့ထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

### ဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်း၊ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ဖရိုင်းဘတ်အသင်းမှ ခရိုအေးရှားတိုက်စစ်မှူး မာတာနိုဗစ်အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိပါတယ်။
- **ဂျူဗင်တပ်အသင်းဟာ ၎င်းတို့အသင်းကို အီတလီကစားသမားအများစုနဲ့ ဖွဲ့စည်းဖို့ရည်ရွယ်ထားတာကြောင့် လီဗာပူးနောက်တန်းကစားသမား လီအိုနီအား ခေါ်ယူရန်စီစဉ်လျက်ရှိပါတယ်။**
- လီဗာပူးအသင်းဟာ စပါးအသင်းမှ နယ်သာလန်နောက်ခံလူ ဗန်ဒီဗင်အား ခေါ်ယူရန်ပြင်ဆင်နေပေမယ့် စပါးအသင်းက ရောင်းချဖို့အစီအစဉ်မရှိဘူးလို့ သိရပါတယ်။

## တိုက်စစ်မှူးဆူလီဗန် အမေရိကန်ရဲ့ အသက်အငယ်ဆုံး ဂိုးသွင်းရှင်ဖြစ်လာ

တိုက်စစ်မှူးဆူလီဗန်ဟာ အမေရိကန်အသင်းနဲ့ မက္ကဆီကိုအသင်းတို့ အောက်တိုဘာ ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အမေရိကန်အသင်းရဲ့ အသက်အငယ်ဆုံး ဂိုးသွင်းရှင်ဖြစ်လာခဲ့ပါတယ်။

အမေရိကန်အသင်းနဲ့ မက္ကဆီကိုအသင်းတို့ပွဲစဉ်မှာ အမေရိကန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



တိုက်စစ်မှူးဆူလီဗန်ဟာ အသက် ၁၄ နှစ်အရွယ်နဲ့ မေဂျာလိဂ်မှာ စတင်ပွဲထွက် ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိအသက် ၁၇ နှစ်နဲ့ ငါးရက်ရှိသွားပြီ ဖြစ်ပါတယ်။

ဆူလီဗန်ဟာ လက်ရှိအချိန်မှာ မေဂျာလိဂ်ကလပ် ဖီလာဒဲဖီးယား ယူနီယံအသင်းမှာ ကစားနေတာဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ကစားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အန်တိုနီဂျိုရှုယာနဲ့ တိုင်ဆန်ဖျူရီ ဒီဇင်ဘာလတွင် ယှဉ်ပြိုင်ထိုးသတ်မည်






ဗြိတိန်ရဲ့ ဟဲလ်ဗီးဝိတ်တန်း ပြိုင်ဘက် နှစ်ဦးဖြစ်တဲ့ အန်တိုနီဂျိုရှုယာနဲ့ တိုင်ဆန်ဖျူရီတို့ဟာ ဒီဇင်ဘာ ၁၁ ရက်မှာ ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားမှာ ဖြစ်ပါတယ်။

တိုင်ဆန်ဖျူရီနဲ့ အန်တိုနီဂျိုရှုယာတို့ဟာ ကမ္ဘာ့ဟဲလ်ဗီးဝိတ်တန်းချန်ပီယံခါးပတ်တွေကို နှစ်ကြိမ်စီရရှိထားကြသူတွေလည်း ဖြစ်ပါတယ်။

အန်တိုနီဂျိုရှုယာဟာ လက်ဝှေ့ကစားသမားဘဝမှာ ၃၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ပွဲ ၃၀ နိုင်ပွဲရရှိခဲ့ပြီး ၂၇ ပွဲက အလဲထိုးနိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

တိုင်ဆန်ဖျူရီကတော့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာ ၃၉ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၃၆ ပွဲအနိုင်ရရှိကာ ၂၅ ပွဲက အလဲထိုးနိုင်ပွဲရရှိထားတာ ဖြစ်ပါတယ်။

တိုင်ဆန်ဖျူရီဟာ ၂၀၂၄ ခုနှစ်အတွင်းက ယူကရိန်းလက်ဝှေ့ကျော် အလက်ဇန္ဒားယူဆစ်နဲ့ နှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာမှာ နှစ်ကြိမ်စလုံးရှုံးနိမ့်ခဲ့ပြီး အလက်ဇန္ဒားယူဆစ်ကတော့ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ ၂၅ ပွဲအထိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

## လူငယ်နှင့် ဘဝအောင်မြင်ရေး

# သာယာခြင်း

### သာယာသော တောတောင်စိမ့်မြိုင်ဟုထင်ရသော်လည်း နှိပ်စက်ခြင်းခံနေရသော သားကောင် သတ္တဝါများသည်ကား ထိုတောတောင်အတွက် အဘယ်သို့ရှိမည်နည်း။

**ပီမိုးနင်း**

တစ်နေ့က သူငယ်တစ်ယောက်သည် ကျွန်ုပ်အား ကန်တော်ကြီးဘက်၌ လေညင်းခံရင်း စကားစမြည်ပြောရအောင် လျှောက်ပါလားဆရာ၊ ကျုပ်ကစိတ်မပါပါဘူးကွယ်ဟု ပြောလိုက်လေသည်။ ထိုအခါ ၎င်းလူငယ်က ဆရာရေးတာတွေနဲ့ ဆန့်ကျင်သလို ဖြစ်နေတာပေါ့ဟုပြောရာ ကျွန်ုပ်က အင်း ....ဒီလိုကျနေတာပဲဟု ပြောလိုက်လေသည်။

၎င်းသူငယ်၏စိတ်၌ ကန်တော်ကြီးစောင်း ညနေအချိန် လေညင်းခံခြင်းသည် စိတ်ကိုသာယာလတ်ဆတ်စေသည်။ ပျော်ရွှင်ဖွယ်လည်းကောင်းသည်။ သို့ပါလျက် အိမ်မှာကုပ်၍နေသည်မှာ စိတ်လက်မရှင်းခြင်းကြောင့်ဖြစ်သည်ဟု မှတ်ထင်ဟန်ရှိလေသည်။

၎င်း၏စိတ်၌လည်း ကန်တော်ကြီးစောင်း၏ သာယာခြင်းကိုနှစ်လို၍ ကျွန်ုပ်ကို ထိုနေရာသို့ ဆွယ်ခြင်းမဟုတ်၊ ကျွန်ုပ်နှင့် စကားပြောလိုသောကြောင့် ဆွယ်ခြင်းမျှသာဖြစ်လေမည်။

လောကဓာတ်ရှုမျှော်ခင်းတို့၏ သာယာခြင်းဆိုသည်မှာ စင်စစ်မရှိသောအရာဖြစ်လေသည်။ မြင်နေကျလျှင် ရိုး၏။ အရမ်းအကျိုးအကြောင်းဆင်းရဲကုပ်စုတ်စွာနေကြရသူများ၏စိတ်၌ ကန်တော်ကြီးစောင်းသည် ထိုမျှလောက်သာယာမည်မဟုတ်ပေ။

မြို့သူများ လယ်တောကို တစ်ခါတစ်ရံ ရောက်သည့်အခါ ညနေချမ်းအချိန် တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာ၊ တိမ်ညို အတန့်အတန့်ခြယ်သော ကောင်းကင်ကိုကြည့်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ညနေချမ်းလေပြည်၏ သန့်ရှင်းသော အရသာကို ခံယူရှူရှိုက်ရခြင်း၌ ချမ်းမြေ့နှစ်ခြိုက်သည်ထင်၏။ လယ်တော၌ ပင်ပန်းစွာလုပ်ကိုင်နေထိုင်ရသူများမှာကား ငြီးငွေ့သေ့ခြောက်၍ နေကြလေသည်။

ပင်လယ်ကမ်းကွေ့၌ တံငါလှေကလေးများကို နေဝင်ရီတရောအချိန်၌ မြင်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ရေရောင်နှင့် ညိုပြာညက်သော ကျောပြောင်တံငါမှာကား သာယာဖွယ်မှတ်ထင်မည်မဟုတ်ပေ။ တောတောင်၌ ဥချိုးကူသံကလေးကို ကြားရသောအခါ သာယာသော ဘာသာတေးဟု ပြောလေ့ရှိကြ၏။ ဥချိုးမှာကား ကူရာ၌သာယာချင်

> **စိတ်နှလုံးချမ်းမြေ့သာယာခြင်းကို အိမ်အပြင်၌ထွက်၍ ရှာသူများသည် အိမ်ကို သာယာအောင် မလုပ်လိုသူများဖြစ်ကြလေသည်။ အိမ်သာယာက အဘယ်ကိုမှ သွားဖို့မလိုပေ။ အိမ်မသာယာက လောကကြီးတစ်ခုလုံးမှာ သာယာတော့မည်မဟုတ်ပေ။ လေလွင့်သူဖြစ်၍နေမှသာ အတော်အတန် သက်သာရာရပေလိမ့်မည်**

မှ သာယာချေမည်။

အကြောင်းမူကား လျှိုမြောင်ချောင်ကြားချောက်ကမ်းပါး၌ ရင်အုံသားကို ဆား၊ နနွင်းနယ်ကာ ဝါးညှပ်နှင့် အကင်ခံ၍နေရသော ကြင်ဖော်ကို တမ်းတကာ လောင်မီးကျ၍ နေရှာလေသလားဟု မည်သူသိနိုင်ပါမည်နည်း။

နံနက်စောစော အိပ်ရာမှထသောအခါ ကျိုးကျိုးကျွက်ကျွက် စာကလေးငှက်တို့၏ မြည်သံကိုကြားရသဖြင့် စိတ်နှလုံးရွှင်ပျတတ်၏။ စာကလေးများမှာကား ဝမ်းစာမဝ၊ ဘယ်ဆီကိုပျံသန်းကာ စပါးဆန်တစ်လုံး၊ နှစ်လုံးကို ရအောင်ရှာရပါမည်နည်း။

လက်သရမ်းသော ကျောင်းသားသူငယ်၏ လောက်လေးဖြင့် ဦးခေါင်းကြွေကာ မြေမှာလူး၍နေသော စာသူငယ်အတွက် ရတက်မီးပွား၊ အပူကြီးမားသော မိခင်တို့၏အသံများလည်း ပါဝင်နိုင်လေသည်။

ထိုထိုသာယာသော တောတောင်များ၌လည်း မသာမယာ၊ ခါချဉ်အုံအနီး၌ မချိမဆံ့တွန့်ကာ ခါချဉ်တို့၏အစာဖြစ်၍နေသော ငှက်သူငယ်၊ ပန်းလိပ်ပြာ၊ ပိုးကောင်တွေဖြာဖြာနှင့် ဒဏ်ရာအနာကိုခံရသော တောကောင်သတ္တဝါများစွာ တွေ့ရှိကြလေရာ အမြင်အားဖြင့် သာယာသောတောတောင် စိမ်းစိုရောင်မှာ မသာမယာစစ်ခင်းလျက် အပြင်းအထန် တစ်ကောင်ကိုတစ်ကောင် သတ်၍နေကြသော တိရစ္ဆာန်တွေ အဘယ်မျှလောက်များပေမည်နည်း။ အဘယ်မှာလျှင် သာယာကြည်နူးဖွယ်ရာ ရှိပါသနည်း။ လောကဓာတ် တောတောင်ကိုရှုကာ ကြည်နူးသဖြင့် စာစပ်သည့် ကဗျာဆရာတို့သည် လောကဓာတ်ကို ထွင်းဖောက်သော မျက်လုံးနှင့် မကြည့်ကြဘဲ အပေါ်ယံဖြစ်သော လောကဓာတ် အရောင်တင်ကလေးကိုသာ ရှုမြင်ကြလေသည်။

အဘယ်မျှလောက် သာယာသောတေးဖြစ်စေကာမူ စိတ်နှလုံးမသာမယာခိုက်မှာ အဖန်တလဲလဲ ကြားရချေက ထိုတေးကို နှောင်ထပ်ကာထပ်ကာ ကြားရသမျှအခါတိုင်း စိတ်မချမ်းမသာ ဖြစ်တတ်လေသည်။ စိတ်နှလုံးသာယာခိုက်မှာ ခွေးနှစ်ကောင်ကိုက်သည့်အသံသည် ဂီတသံဖြစ်နိုင်လေသည်။

လောက၌ အသာယာဆုံးသောနေရာသည် သာယာသောအိမ်ဖြစ်၏။ စာကို ဝါသနာပါသူသည် နံနက်စာ၊ ညစာ လုံလောက်သောအိမ်၌ ဖတ်၍နေရသည့်အခါ ကန်တော်ကြီးစောင်းကို သွားရသည်ထက် သာယာလေသည်။

စိတ်နှလုံးချမ်းမြေ့သာယာခြင်းကို အိမ်အပြင်၌ထွက်၍ ရှာသူများသည် အိမ်ကို သာယာအောင် မလုပ်လိုသူများဖြစ်ကြလေသည်။ အိမ်သာယာက အဘယ်ကိုမှ သွားဖို့မလိုပေ။ အိမ်မသာယာက လောကကြီးတစ်ခုလုံးမှာ သာယာတော့မည်မဟုတ်ပေ။ လေလွင့်သူဖြစ်၍နေမှသာ အတော်အတန် သက်သာရာရပေလိမ့်မည်။

ကျွန်ုပ်တို့လည်း ပျို့ရွယ်စဉ်အခါ သားမယားကို အိမ်မှာထားပြီး လည်ရပတ်ရမှပျော်၏။ အိမ်ကို စားဖို့နှင့်အိပ်ဖို့နေရာကဲ့သို့သဘောထားခဲ့လေသည်။ စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားကို သွားလေ့ရှိခဲ့၏။ ထိုအကျင့်စွဲသည့်အခါ အိမ်မှာ ရပ်တည်၍မနေနိုင်။

ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်အိမ်ထက် အခြားနေရာတစ်ခုခုကိုဖြစ်စေ၊ အခြားအိမ်တစ်အိမ်ကိုဖြစ်စေ ပိုမို၍သာယာသည်ဟု မှတ်ထင်ခြင်းသည် ရူးမိုက်ခြင်းဖြစ်သည့်အပြင် အချိန်ကို အကျိုးမဲ့ အလဟဿဖြုန်းခြင်းဖြစ်လေသည်။

မိမိ၏အိမ်မှာ မိမိထင်သလိုနေနိုင်၏။ လုပ်ချင်ရာကို လုပ်နိုင်၏။ အနှောင့်အယှက်ကင်းစွာ ကြံချင်ရာကို ကြံနိုင်လေသည်။

အိမ်သည် ကြီးပွားခြင်း၏အခြေဖြစ်၏။ ကြီးပွားတိုးတက်ခြင်း၏ ရေသောက်မြစ်သည် အိမ်မှာရှိ၏။ အိမ်သည် ပွားရာ တိုးရာ နေရာဖြစ်လေသည်။

လောက၌ အိမ်ထက်သာယာသောနေရာ မရှိပေ။ အိမ်သာလျှင် ကိုယ်နှင့်စိတ်ကို ချမ်းသာစေ၏။ ယောကျ်ားပျို ငယ်ရွယ်သူများသည်လည်း အများအားဖြင့် မိဘ၏အိမ်ထက် အခြားအရပ်၊ အခြားနေရာကို ပိုမို၍ကောင်းလိမ့်မည်ဟုမှတ်ထင်ကာ မိဘ၏အရိပ်အောက်မှ ထွက်ခွာကြလျက် စိမ်းကားသော လောကကြီး၌ ခါး၊ စပ်၊ ချဉ်၊ ငန်သော အတွေ့အကြုံကို ရှာတတ်ကြ၏။ သို့ရှာရာ စိမ်းကားသော လောကကြီးနှင့် ရင်ဆိုင်တွေ့ရသောအခါကျမှ မိဘ၏အရိပ်ထက် သာယာရိပ်ငြိမ်သော အရိပ်အာဝါသသည် အဘယ်မှာမျှမရှိကြောင်း ကိုယ်တွေ့ကြုံကာ မိဘထံ ပြန်လာတတ်ကြလေသည်။ သို့ဖြစ်လေရာ မည်သူမဆို ပျိုသည်ဖြစ်စေ၊ အိုသည်ဖြစ်စေ အိမ်ကိုသာယာအောင်လုပ်ကာ အိမ်မှတစ်ပါး အခြားပျော်စရာနေရာမရှိသကဲ့သို့ သဘောထားကြီးကြလျက် ကြီးပွားခြင်း၏အခြေကို သာယာသော အိမ်၌ စိုက်အပ်ကြလေသည်။ အကြံအစည်၊ အလုပ်အကိုင်၊ စွန့်စားခြင်းတစ်ခုခုမရှိဘဲလျက် အိမ်ကို မစွန့်အပ်ပေ။

**ဘားမားဂျာနယ်၊ အမှတ်(၄၀)၊ ၆၊ မတ်လ၊ ၁၉၃၇။**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်အောက်ထပ် ပြခန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အင်းသားတိုင်းရင်းသားရေးရာဝန်ကြီး ကွင်းဆင်းကြည့်ရှု



**ညောင်ရွှေ အောက်တိုဘာ ၄**

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ရတနာစံကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသည့် အတွက် ဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန် စံကျောင်းတော် အောက်ထပ်နေရာအား ဘုရားသမိုင်းအချက်အလက်များနှင့် ရှေးဟောင်းပစ္စည်းများ၊ ဒေသန္တရဗဟုသုတများ ထည့်သွင်းပြသမည့် ပြခန်းအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၇၅ ရာခိုင်နှုန်းခန့် ရှိပြီဖြစ်သည်။

အဆိုပါ ပြခန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အင်းသား တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်တင်တင်ရီနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ရှေးဟောင်းသမိုင်း ပြခန်းတွင် ဘုရားသမိုင်းပန်းချီကားများ၊ ဗုဒ္ဓဝင်ပန်းချီကားများ၊ အင်းလေးဒေသနှင့် ဒေသစာရီ ကြွချီပူဇော်ခံရာ ၂၁ ဌာန ပုံစံငယ်နှင့် ကားချပ်၊ ရှေးဟောင်းသမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဖောင်တော်ဦး မြတ်စွာဘုရား အသုံးအဆောင် ပစ္စည်းများ၊ ရှေးဟောင်းပလ္လင်များ၊ ညောင်ရွှေစော်ဘွားကြီး၏ အသုံးအဆောင် ပစ္စည်းများ၊ ငွေထည်ပစ္စည်းများ၊ ရက်ကန်းလုပ်ငန်းများနှင့် ဒေသထုတ်ပစ္စည်းများကို ဘုရားဖူးဧည့်သည်များ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် စနစ်တကျခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
## ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်းအတွင်း (၁၃၀ x ၃၀ x ၂၄)ပေ RCC ၂ ထပ် ပစ္စည်းသိုလှောင်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၀-၂၀၂၆ ရက်နေ့တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၂၀-၁၀-၂၀၂၆ ရက်နေ့၊ ညနေ(၁၆၃၀)နာရီအချိန် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ဖုန်းနံပါတ်၊ ၀၆၇-၃၀၉၄၀၀ ၊ ၀၆၇-၃၀၉၁၈၆)၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကုန်းဘိုကျေးရွာအုပ်စု၊ ကုန်းဘိုကျေးရွာနေ ဦးလှဆယ်၏သမီး ဒေါ်အေးမိုး[၈/ဆပဝ(နိုင်)၁၁၁၅၃၉] ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-080687) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၆၆၀၉၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံအမှတ်(၂၃)၊ (၄)ခန်းတွဲ၊ (၅)ထပ်တိုက်၊ တတိယထပ်၊ အခန်းအမှတ်(၃၀၄)၊ အကျယ်အဝန်း (၉၀၀) စတုရန်းပေရှိ တိုက်ခန်းတစ်ခုလုံးနှင့်တကွ ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလနေထိုင်ပိုင်ဆိုင်ခွင့်ရှိသူ ဗိုလ်ချုပ်ကြည်ဝင်း(ငြိမ်း)[၁၃/ရစန(နိုင်)၀၃၀၄၂၆]ထံမှ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဒေါ်ခင်လေးမူ [၁၄/မမက(နိုင်)၁၆၀၇၆၅]က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးငွေးအောင် [၁၂/ဗဟန(နိုင်)၀၄၂၂၆၇]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုဆိုင်ရာ မူရင်းအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုမှုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငွေးငွေးအောင် [၁၂/ဗဟန(နိုင်)၀၄၂၂၆၇] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၈၉၃၅၁၄၅၆၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၄)လမ်း၊ အမှတ်(၅၁၃)ရှိ (၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ဒုတိယထပ်၊ (၃)လွှာ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၂½ x၅၀)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဒေါ်ခိုင်ခိုင်ဦး[၁၂/ဗဟန(နိုင်)၀၉၉၁၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအောင်[၁၂/ဒဂတ(နိုင်)၀၈၆၈၅၃]က (၃-၁၀-၂၀၂၆)ရက်နေ့တွင် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား အသိသက်သေများရှေ့မှောက်တွင် ပေးချေထားပြီးဖြစ်၍ အထက်ပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားအပြည့်အစုံ မူရင်းများအား ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေ၍ လက်ရောက်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေထက်အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၇၁/၂၀)**
**အမှတ်(၁၀၄)၊ ရတနာမဉ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၇၈၃၉ ၁၂၅ ၆၄၊ ၀၉- ၉၈၈ ၆၅၉ ၁၉၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၂.၃၈)ဧကရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်း သွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၁၆-၁၀-၂၀၂၆)ရက်နေ့မှ (၃၁-၁၀-၂၀၂၆)ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | - | (၃-၁၁-၂၀၂၆)ရက်၊ (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ဝယ်ယူရန်နှင့်လျှောက်လွှာ တင်သွင်းရမည့်နေရာ | - | စီမံရေးရာဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ဃ) | တင်ဒါကျင်းပမည့် ရက်/အချိန်/နေရာ | - | (၉-၁၁-၂၀၂၆)ရက်၊ (၁၄:၀၀)နာရီ အစည်းအဝေးခန်းမ(၃)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈)ထပ်ဆောင်၊ (ပထမထပ်) |

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း ၀၂-၄၀၆၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ စုပေါင်းပိုင် အဆောက်အအုံအမှတ်(၆)၊ (၄)ခန်းတွဲ၊ (၄)ထပ်တိုက်၊ မြေညီထပ်၊ အခန်းအမှတ်(၀၀၂)၊ အကျယ်အဝန်း(၁၁၅၀) စတုရန်းပေရှိ တိုက်ခန်းတစ်ခုလုံးနှင့်တကွ ဆက်နွှယ်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မူလနေထိုင်ပိုင်ဆိုင်ခွင့်ရှိသူ ဒေါက်တာခိုင်မြဲ[၉/မရမ(နိုင်)၀၄၆၆၇၄]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဦးချစ်ငြိမ်းချမ်း[၁၂/အစန(နိုင်)၁၄၈၂၄၀]က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဦး[၁၄/ဘကလ(နိုင်)၀၁၁၇၁၀] မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုဆိုင်ရာ မူရင်းအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုမှုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဦး [၁၄/ဘကလ(နိုင်)၀၁၁၇၁၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၈၉၃၅၁၄၅၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ခ)၊ မြရတနာ(၇)လမ်း၊ မြေကွက်အမှတ်-၁၃၈ ဟုခေါ်တွင်သော မြေအကျယ် (၄၀x၆၀) ပေရှိ ဒေါ်လှရင်[၁၂/ဗတထ(နိုင်)၀၀၆၂၁၀] အမည်ပေါက် ဂရန်မြေကွက်ကြီးအနက်မှ မြေအကျယ် (၂၀x၆၀)ပေရှိ (ခြေရင်းခြမ်း၊ မြေကွက်အမှတ် -၁၃၅ နှင့် ကပ်လျက်) မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ကွယ်လွန်၍ သားသမီးများဖြစ်ကြသော ဦးလှမိုး[၁၂/ဗတထ(နိုင်)၀၀၆၁၄၆]၊ ဒေါ်ပိုပို[၁၂/ဗတထ(နိုင်)၀၂၈၀၈၆] တို့က မိမိတို့သာပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေနှင်း [၁၂/သဃက (နိုင်) ၁၆၇၈၉၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-47W/84003၊ အမျိုးအမည်၊ Honda Click -125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးရဲရင့်အောင်၊ မှတ်ပုံတင်အမှတ် [၅/ဆလက (နိုင်) ၀၈၉၉၄၅] မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ဖောင်းကြွနံပါတ်ပြား
## ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ်-2L/6646၊ အမျိုးအမည်-HONDA INSIGHT ZE -2၊ အမျိုးအစား HATCH BACK(4x2)(R)၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်နုနုသန်း၊ မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၀၅၀၉၃၅] မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အေးရွာလေးကျေးရွာ၊ ဘုရားလမ်း၊ မြေကွက်အမှတ်(၉၃)၊ ပေအကျယ် ၂၂ပေx၁၂၀ပေ အား အဆင့်ဆင့် စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဦးကိုကိုလတ်[၁၂/ထတပ(နိုင်)၀၈၅၂၂၈]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းလှိုင်[၁၄/ဘကလ(နိုင်)၀၃၄၆၅၉] က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သင်းသင်းလှိုင်** | **ဒေါ်မြတ်သီဂီကျော်(LLB,D.B.L)** |
| **[၁၄/ဘကလ(နိုင်)၀၃၄၆၅၉]** | **အထက်တန်းရှေ့နေ(စဉ်-၄၀၈၅၆)** |
| | **အင်းစိန်ခရိုင်စုပေါင်းရုံးဝင်း။** |
| | **ဖုန်း-၀၉- ၆၇၄၃၇၀၅၂၂** |

## အမြန်ဆက်သွယ်ရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၄၉)၊ လဥန်းအိမ်လမ်း၊ မြေကွက်အမှတ်-(၃၇၆)၊ ဒေါ်ချိုချိုသန်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အမည်ပေါက်ကိစ္စဆောင်ရွက်ရန်နှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ချိုချိုသန်း (၆/ထဝန(နိုင်) ၀၇၇၉၆၁)မှ ဆောင်ရွက်ပေးရန် လိုအပ်ပါသဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပေးပါရန် အသိပေး ကြေငြာအပ်ပါသည်။ အကယ်၍ လူကြီးမင်းမှ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အမည်ပြောင်းရန်အတွက် ဥပဒေကြောင်းအရ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

| | |
|---|---|
| **ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊** | **ဦးတင်ထူးလှိုင်** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **အထက်တန်းရှေ့နေ** |
| **ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇** | **စဉ်- ၂၄၂၉၂** |

## Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့နေ ဒေါ်ဇာလီတင်ထွန်း [၁၂/လမတ(ပြု)၀၀၀၂၃၂]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်တွင် The Central Tower တည်ဆောက်နေသော Marga Landmark Development Co.,Ltd ထံမှ ကျွန်ုပ်၏အမှုသည် ဒေါ်ဇာလီတင်ထွန်းက The Central SOHO, Level-15, Unit-21 တိုက်ခန်းတစ်ခန်းကို (၁-၅-၂၀၂၂)နေ့တွင် စတင်ဝယ်ယူခဲ့၍ ရောင်းဖိုးငွေ၏ ၉၀% ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

Marga Landmark Development Co.,Ltd က (၃၁-၁၂-၂၀၂၆)နေ့တွင် ထိုတိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု အဆိုပြုသည်ကို ယုံကြည်၍ ဒေါ်ဇာလီတင်ထွန်းက ထိုတိုက်ခန်းကို ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ယနေ့တိုင်မြေပြင်တွင် Foundation ပင်မပြုလုပ်ရသေးသော အနေအထားဖြစ်နေ၍ (၃၁-၁၂-၂၀၂၆)နေ့တွင် Marga ကုမ္ပဏီက ထိုတိုက်ခန်းကို ဒေါ်ဇာလီတင်ထွန်းအား လက်ရောက်ပေးအပ်နိုင်လိမ့်မည်မဟုတ်ပါသဖြင့် ဒေါ်ဇာလီတင်ထွန်း အနေဖြင့် များစွာထိခိုက်နစ်နာနေပါသည်။

ဒေါ်ဇာလီတင်ထွန်း ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်းတစ်ခန်းနှင့် ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှထပ်မံရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လှဲ့လှဲ့ရီ (B.A , LL.B , D.B.L, D.M.L)** | **ဒေါ်မေသက်ပိုင်စိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၁၀/၁၉၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၄၈/၂၀၁၈)** |

**အမှတ်(၇၂)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၅၉၃၂၂**

## Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅ လမ်း၊ အမှတ်(၆၃-၅လွှာ) နေ ဦးဝင်းအောင် [၁၀/သထန(နိုင်)၀၉၄၇၈၀]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်တွင် The Central Tower တည်ဆောက်နေသော Marga Landmark Development Co.,Ltd ထံမှ ကျွန်ုပ်၏အမှုသည် ဦးဝင်းအောင်က Tower-3, Level-11, Unit-C တိုက်ခန်းတစ်ခန်းကို (၇-၁၂-၂၀၂၅)နေ့တွင် စတင်ဝယ်ယူခဲ့၍ ရောင်းဖိုးငွေ၏ ၉၀% ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

Marga Landmark Development Co.,Ltd က (၃၁-၁၂-၂၀၂၉)နေ့တွင် ထိုတိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု အဆိုပြုသည်ကိုယုံကြည်၍ ဦးဝင်းအောင်က ထိုတိုက်ခန်းကို ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ယနေ့တိုင်မြေပြင်တွင် Foundation ပင်မပြုလုပ်ရသေးပါ။ ရောင်းဖိုးငွေ၏ ၉၀%ကို ဦးဝင်းအောင်က ကုမ္ပဏီအား ပေးချေခဲ့ပြီးဖြစ်သော်လည်း မြေပြင်တွင် ယနေ့တိုင် Foundation ပင် မပြုလုပ်ရသေးသော အနေအထားဖြစ်နေပါသည်။ ရောင်းဖိုးငွေ၏ ၉၀% ကို ပေးချေထားပြီးဖြစ်သော ဦးဝင်းအောင်မှာ များစွာထိခိုက်နစ်နာလျက်ရှိပါသည်။

ဦးဝင်းအောင် ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်းတစ်ခန်းနှင့် ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှထပ်မံရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လှဲ့လှဲ့ရီ (B.A , LL.B , D.B.L, D.M.L)** | **ဒေါ်မေသက်ပိုင်စိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၁၀/၁၉၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၄၈/၂၀၁၈)** |

**အမှတ်(၇၂)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၅၉၃၂၂**

## Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဇာနည်(၁၅)လမ်း၊ အမှတ်(၄၉၉) နေ ဦးဝင်းမြင့် [၁၂/သကတ(နိုင်)၀၅၈၀၁၇]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်တွင် The Central Tower တည်ဆောက်နေသော Marga Landmark Development Co.,Ltd ထံမှ ကျွန်ုပ်၏အမှုသည် ဦးဝင်းမြင့်က Tower-8, Level-8, Unit-F တိုက်ခန်းတစ်ခန်းကို (၃-၇-၂၀၂၃)နေ့ကပင် စတင်ဝယ်ယူခဲ့၍ ရောင်းဖိုးငွေ၏ ၉၀% ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ (၃၁-၁၀-၂၀၂၅)နေ့တွင် ဦးဝင်းမြင့်ဝယ်ယူသော တိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု ထိုကုမ္ပဏီကအဆိုပြု၍ ဦးဝင်းမြင့်က ယုံကြည်ပြီး တိုက်ခန်းရောင်းဖိုးငွေ၏ ၉၀%ကို ထိုကုမ္ပဏီအား ပေးချေဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ယနေ့တိုင်မြေပြင်တွင် Foundation ပင် မပြုလုပ်ရသေးပါ။ (၃၁-၁၀-၂၀၂၅)နေ့တွင် တိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု ဆိုသော်လည်း ယနေ့တိုင် ထိုတိုက်ခန်းကို မဆောက်ရသေးသောကြောင့် ဦးဝင်းမြင့်မှာ များစွာစိတ်ပူပင် စိတ်ဆင်းရဲနေရပါသည်။ ထိုကုမ္ပဏီသို့သွားတွေ့ရာတွင် ထိုကုမ္ပဏီက ရောင်းဖိုးငွေ ၉၀% ကို လက်ခံရယူထားသည်ကို ဝန်ခံသော်လည်း မည်သည့်နေ့တွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ မည်သည့်နေ့တွင် ဦးဝင်းမြင့်ဝယ်ယူသော တိုက်ခန်းကို ဦးဝင်းမြင့်အား လက်ရောက်ပေးအပ်နိုင်မည်ကြောင်း ပြောဆိုခဲ့ခြင်းမရှိပါ။ (၃)နှစ်ကျော်ခန့် စောင့်ဆိုင်းနေရသောကြောင့် ရောင်းဖိုးငွေ၏ ၉၀% ပေးချေထားသော ဦးဝင်းမြင့်မှာ များစွာထိခိုက်နစ်နာလျက်ရှိပါသည်။

ဦးဝင်းမြင့် ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်းတစ်ခန်းနှင့် ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှထပ်မံရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လှဲ့လှဲ့ရီ (B.A , LL.B , D.B.L, D.M.L)** | **ဒေါ်မေသက်ပိုင်စိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၁၀/၁၉၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၄၈/၂၀၁၈)** |

**အမှတ်(၇၂)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၅၉၃၂၂**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်- ၄၃၊ မြေကွက်အမှတ်- ၁၂၀၂၊ ဧရိယာ (၀.၀၅၅)ဧကရှိသော ဦးအောင်ကို အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၄၃-ရပ်ကွက်၊ ဖွဲကပင်လမ်း၊ အမှတ်- (၁၂၀၂)ဟု ခေါ်တွင်သော (၁ထပ်)အိမ် အပါအဝင် အကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အား တရားဝင် အမည်ပေါက် ပိုင်ဆိုင်ထားသည့် ဦးအောင်ကို [၁၂/မရက(နိုင်)၁၁၄၈၉၆]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ မြေကွက်နှင့်အိမ်အား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ငွေး( LL.B,D.B.L,D.I.L)** | **ဒေါ်ခိုင်ဦးသူ ( LLB,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၅၈၈၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၄ - ၁၀ - ၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ကျော့ကျော့လှိုင်၏ ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿသီရိ (၄) လမ်း၊ မြေအမှတ် (၁၂၃၉)၊ မျက်နှာဝ (၇၀) ပေ အစား (၂၀) ပေဟုလည်းကောင်း၊ ဦးခင်မောင်ချို [၇/ပခန(နိုင်)၀၄၅၇၁၂] အစား ဦးခင်မောင်ချို (ခ) ကိုဆံရှည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# မြန်မာ့အားကစား "ရွှေ"ခေတ်ပြန်ရောက်ပြီ

# အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ

MYANMAR

MYANMAR

## 20th ASIAN GAMES 2026, AICHI NAGOYA, JAPAN

## ၂၀ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ

(၁-၁၀-၂၀၂၆) ရက်နေ့တွင် ကျင်းပသည့် MLBB ESPORTS GRAND FINAL ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် TEAM ZANAKA MLBB ESPORTS အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းအား ပြိုင်ပွဲငယ်(၄-၀)ဖြင့် အပြတ်အသတ် အနိုင်ရရှိပြီး

# "မြန်မာ့ဂုဏ်ဆောင်"

# အာရှချန်ပီယံရွှေတံဆိပ်ဆု

ဆွတ်ခူးရရှိခဲ့ပါသည်

မြန်မာ့ Esports အားကစား ယခုကဲ့သို့အချိန်တိုအတွင်း တိုးတက်အောင်မြင်ပြီး "၂၀၂၅ တွင် PUBG ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆု"နှင့် ယခု၂၀၂၆တွင် "MLBB အာရှချန်ပီယံရွှေတံဆိပ်ဆု"များ ထိုက်တန်စွာဆွတ်ခူးရရှိပြီး "မြန်မာ့အားကစား "ရွှေ"ခေတ်ပြန်ရောက်အောင်မြင်စေရန်" MESF စတင် ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ချုပ်နှင့် မြန်မာ့ Esports အားကစားလူငယ်များ အပေါ် ယုံကြည်မှုမြင့်မားစွာမားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်ဦးဆောင်မှုပေးပြီး ယခု "အာရှချန်ပီယံ ရွှေတံဆိပ်" ရရှိသည်ထိ မြန်မာ့ Esports အားကစားကဏ္ဍ၊ တက္ကသိုလ် Esports အပါအဝင် လူငယ်များတိုးတက်ရေးအတွက် ကျပ်ငွေ(၈)ဘီလီယံကျော် မတည်ထောက်ပံ့လှူဒါန်းစောင့်ရှောက် ဦးဆောင်မှုပေးလျက်ရှိပါသော

KBZ BANK  KBZ Pay  KBZ GROUP

## KBZ Bank, KBZ Group တည်ထောင်သူ

## MESF Founder နှင့် ဦးဆောင်နာယကကြီး ဦးအောင်ကိုဝင်း

KBZPay တည်ထောင်သူ MESF Founderနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းလိုင်းခမ်း

KBZPay တည်ထောင်သူ MESF Founderနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းခမ်းနောင်

တို့အား

မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အားကစားလူငယ်အားလုံးနှင့် အားပေးသူအားလုံးမှ အထူးကျေးဇူးတင်လျက် ဂါရဝပြုဂုဏ်ပြုအပ်ပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင်**
**စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ ဘွဲ့ လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ-၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ★



Victoria အသင်းနှင့် SGF Youth အသင်း ယှဉ်ပြိုင်နေစဉ်။

# MFF ယူ-၁၆ ဖူဆယ်လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

၂၀၂၆ MFF ယူ-၁၆ ဖူဆယ်လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၁၂ ကို အောက်တိုဘာ ၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

# မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း ပထမခြေစမ်းပွဲ တစ်ဂိုးစီသရေကျ

ရန်ကုန် အောက်တိုဘာ ၄

နိုဝင်ဘာလတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲကို အောက်တိုဘာ ၄ ရက်က ရန်ကုန်မြို့ သန်လျင်မြို့ရှိ Star City ကွင်း၌ ကျင်းပရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်း၏ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲမတိုင်မီ တစ်လဝန်းကျင်အလို နောက်ဆုံးကစားသည့် နိုင်ငံတကာခြေစမ်းပွဲတွင် အိန္ဒိယအသင်းနှင့် သရေကျခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၇၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ၇၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ချေပဂိုးပေးလိုက်ရခြင်းကြောင့် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဂျပန်နိုင်ငံသား ကိုင်ဆူကီသည် ပွဲထွက်လူစာရင်းတွင် လင်းလက်ထွန်း (ဂိုး)၊ မြင့်မြတ်အောင်၊ အောင်မြတ်သာ၊ ပရင့်ဒိုဒိုသောင်၊ ပိုင်ဇေထွန်း၊ သက်နိုင်ဦး၊ မြတ်သူမောင်၊ သန့်ဇင်အောင်၊ ခွန်ဝေဖြိုး၊ သန်းထိုက်အောင်၊ ကြည်သာတို့ကို အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ○



မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း ယှဉ်ပြိုင်နေစဉ်။

# ရန်ကုန်မြို့တွင် ကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ



အောက်တိုဘာ ၄ ရက် ညနေပိုင်းက ဂူအမ်အသင်း သုဝဏ္ဏကွင်း၌ လေ့ကျင့်စဉ်။

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (G) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၄ ရက်က သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲ ခန်းမ၌ ကျင်းပသည်။

ယင်းအုပ်စုတွင် မြန်မာ၊ ဟောင်ကောင်၊ ဂူအမ်အသင်းတို့ပါဝင်ပြီး အောက်တိုဘာ ၅ ရက်တွင် မြန်မာအသင်းနှင့် ဂူအမ်အသင်း၊ အောက်တိုဘာ ၈ ရက်တွင် ဟောင်ကောင်အသင်းနှင့် ဂူအမ်အသင်း၊ အောက်တိုဘာ ၁၁ ရက်တွင် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်း ယှဉ်ပြိုင်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ


စားသုံးဆီအမျိုးအစားများနှင့် ပြည်သူလူထု ကျန်းမာရေး
ဆောင်းပါး
စာမျက်နှာ » ၁၅

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ ပြီးဆုံးပြီး ပိတ်ပွဲအခမ်းအနားကျင်းပ
စာမျက်နှာ » ၂၂

တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၈)
နည်းပညာ
စာမျက်နှာ » ၂၁

အန်တိုနီဂျိုရှူယာနဲ့ တိုင်ဆန်ဖျူရီ ဒီဇင်ဘာလတွင် ယှဉ်ပြိုင်ထိုးသတ်မည်
စာမျက်နှာ » ၂၃